မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၈ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၄၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ - တရုတ် သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခါသမယ၌ နှစ်နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား

သဝဏ်လွှာများကို အပြန်အလှန်ပေးပို့

နေပြည်တော် ဇွန် ၈

၂၀၁၀ခုနှစ် ဇွန် ၈ရက်တွင်ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခါသမယ၌ နှစ်နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား သဝဏ်လွှာများကို အပြန်အလှန်ပေးပို့ခဲ့ကြပါသည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းထံသို့ ပေးပို့သည့် သဝဏ်လွှာ -

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် နှစ်(၆၀)ပြည့်မြောက်သည့် ထူးမြတ်မင်္ဂလာရှိသော ဤအခါသမယတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခေါင်းဆောင်များ၊ အစိုးရနှင့် ပြည်သူများထံသို့ အဆွေတော်မှတစ်ဆင့် နွေးထွေးစွာ နှုတ်ခွန်းဆက်သ ဂုဏ်ပြုအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✱

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်းထံမှ ပေးပို့သည့် သဝဏ်လွှာ -

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်မှု နှစ်(၆၀)ပြည့်မြောက်သည့် မင်္ဂလာရှိသော ဤအခါသမယတွင် အဆွေတော်နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများထံသို့ မိမိနှင့်တကွ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူများမှ လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၄ ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟိုချီမင်းမြို့တွင်ကျင်းပသည့် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဇွန် ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသည့် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum on East Asia) သို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့မွန်းလွဲ ၁နာရီ ၅မိနစ်တွင် အထူးလေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)

စာမျက်နှာ ၆ ကော်လံ ၅ ❍

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသည့် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇွန် ၈ ရက်)

ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေး ဝိုင်းဝန်းလက်တွဲဆောင်ရွက်

ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာစာသင်ကြားနိုင်ရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းနှင့်ကျောင်းဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းသည် အရေးကြီးသောအချက်ဖြစ်သည်။

ကလေးများသည် အသက်ငါးနှစ်အရွယ်မှစတင်ကာ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိရာ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းနေပါမှ ကျန်းမာရေးနှင့်ညီညွတ်သော ကလေးများဖြစ်လာမည်ဖြစ်သည်။ ကျောင်းကျန်းမာရေးလုပ်ငန်းအတွက် ကျောင်းကျန်းမာရေး ပညာပေးလုပ်ငန်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ကျောင်းကျန်းမာရေးလုပ်ငန်းသည် လူအင်အား၊ ပစ္စည်းအင်အားမည်သို့ပင်ရှိစေကာမူ မိမိ၏ကျောင်းနှင့် ကျောင်းသားကျောင်းသူများ၊ ပညာရေးမိသားစုများ၏ ကျန်းမာရေးအဆင့်အတန်းကို တိုးတက်အောင် တီထွင်ကြံဆလုပ်ဆောင်နေရမည့် လုပ်ငန်းဖြစ်သည်။

ကျောင်းကျန်းမာရေးအတွက် ကျောင်းများအားလုံးတွင် သန့်လေးသန့်ဖြစ်သည့် ရေသန့်၊ လက်သန့်၊ အစာသန့်နှင့် အိမ်သာသန့်တို့ကို အဓိကထားဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ကျန်းမာသန့်ရှင်းသော ကျောင်းပတ်ဝန်းကျင်ဖြစ်နေရမည်ဖြစ်သည်။ သွေးလွန်တုပ်ကွေးဖြစ်ပွားမှု မဖြစ်ပေါ်စေရန် ခြင်ကျားကင်းစင်စေရန်၊ အမှိုက်အညစ်အကြေးများကင်းရန်တို့ကို အစဉ်အမြဲ သတိပြုလုပ်ဆောင်ကြရမည်ဖြစ်သည်။

အနာဂတ်၏ သားကောင်းရတနာလေးများသည် ကျန်းမာကြံ့ခိုင်သော၊ ဉာဏ်ရည်မြင့်မားသော လူငယ်လူရွယ်များဖြစ်ရေး၊ ရောဂါကင်းစင်ပြီး အာဟာရပြည့်ဝသည့် လူငယ်များဖြစ်စေရေးအတွက် ကျောင်းနှင့်ဝန်းကျင် အစဉ်သန့်ရှင်းရေးကို ကျောင်းသား၊ မိဘနှင့် ဆရာ ဆရာမများ ဝိုင်းဝန်းလက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မှာကြား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပါမောက္ခချုပ်၊ ဘာသာရပ်ပါမောက္ခ ဌာနမှူးများနှင့် သုတေသနပညာရှင်များအား တွေ့ဆုံမှာကြားစဉ်။ (ပညာရေး)

ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များ
ဝန်ကြီး ဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက် ၈ နာရီခွဲက ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၏ သုတေသနလုပ်ငန်းများ ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားကာ လက်တွေ့ခန်းမများ၌ သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးသည် ဒဂုံတက္ကသိုလ်သို့ရောက်ရှိပြီး အဆိုပါ တက္ကသိုလ်အစည်းအဝေးခန်းမ၌ တာဝန်ခံပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများအားတွေ့ဆုံရာ တာဝန်ခံပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဌာနအလိုက် သုတေသနဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးသည် ရုက္ခဗေဒဘာသာရပ်၊ သတ္တဗေဒဘာသာရပ်နှင့် ဓာတုဗေဒဘာသာရပ် လက်တွေ့စမ်းသပ်လုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ သွားရောက်ပြီး ဓာတုဗေဒနှင့် သတ္တဗေဒဘာသာရပ် လက်တွေ့စမ်းသပ်လုပ်ဆောင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများအား တွေ့ဆုံ၍ အကျိုးပြုသုတေသနလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် သင်္ဃန်းကျွန်းပညာရေးကောလိပ်နှင့် ရန်ကင်းပညာရေးကောလိပ်တို့သို့ သွားရောက်၍ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံမေးမြန်းပြီး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

မေးမြန်းအားပေး

ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဇွန် ၅ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ် (ဝိဇ္ဇာခန်းမ)၊ တက္ကသိုလ်များသိပ္ပံသုတေသနဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်)၊ အင်္ဂလိပ်ဘာသာစကားအမျိုးသားဗဟိုဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်တို့သို့ရောက်ရှိပြီး သက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခများ၊ ပါမောက္ခချုပ်များ၊ ဘာသာရပ်ပါမောက္ခ ဌာနမှူးများ၊ သုတေသနပညာရှင်များနှင့် တွေ့ဆုံ၍ သင်ကြားရေးအစီအစဉ်များ၊ နိုင်ငံ့အကျိုးပြုသုတေသနလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားကာ ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စာသင်ယူနေမှုကို မေးမြန်းအားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ
ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ဇွန် ၅ရက် နံနက်ပိုင်းက တိုက်ကြီး-ဖော်ကြီး-ပဲခူးလမ်း မိုင်တိုင်အမှတ် (၁၈/၀)ရှိ လမ်းစခန်း ရှင်းလင်းဆောင်အနီး၌ (Camber Board)လျှောစောင်းချိတ်ကိုက်တံနှင့် ရေချိန်အသုံးပြု၍ လမ်းအင်္ဂါရပ်ပြည့်မီစေရန် လမ်းခင်းကြိတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့နယ် လက်ပံကျိုးကျေးရွာအုပ်စု မုဒိတာကျေးရွာ၌ သုံးခွမြို့ အမှတ်(၉)ရပ်ကွက်နေ ဦးစော -ဒေါ်ရင်လှ မိသားစုက မတည်၍ ကျေးရွာနေပြည်သူများ စုပေါင်းလှူဒါန်း ဆောက်လုပ်သည့် ကျပ်သိန်း ၆၀တန်ဖိုးရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ကို မေ ၂၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် အလှူရှင် ဦးစောတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၆-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ထေရဝါဒ တို့တိုင်းပြည်** တရားတော် (ဆရာတော်အရှင်လာဘ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀)
၈:၃၀ Sports World (Player Lives)
၈:၅၅ Raffles Medical Group Raffles ဆေးရုံကြီးမှ နှလုံးအထူးကု ဆရာဝန်ကြီးနှင့်ဆွေးနွေးခြင်း (အပိုင်း-၁)
၉:၂၀ ဖြစ်ထွန်းအောင်မြင် …. စိုက်ပျိုးဥယျာဉ်(စပျစ်)
၉:၄၀ Cartoon Show Time (Niko The Way To The Stars)
၁၀:၁၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ရိုးရိုးလေးလည်း လန်းပါတယ်** ရိုက်ကွင်းအမှတ်တရ
၁၀:၄၀ သင်ကြားရေးလမ်းညွှန် (New Cyber Centre)
၁၀:၅၅ ဟဲလေး နီတာတို့ရဲ့ နေရာအနှံ့
၁၁:၁၅ ရန်ကုန်မြင်ကွင်းကျယ် (Crown Education မှ ကြီးမှူးကျင်းပသော Education Road Show)
၁၁:၃၅ လှပတင့်တယ် ကယားရိုးရာ ရက်ကန်းအထည်
၁၁:၄၅ ပြည့်ဝသဒ္ဓါတရားအလှ ကောင်းသစ်စံခရီးသည် ပို့ဆောင်ရေး၏အလှူဒါန
၁၂:၁၀ ဂုန်လျှော်နှင့် ဂုန်လျှော်ထွက်ပစ္စည်းများ
၁၂:၂၀ ရိုးမနှင့်ပင်လယ်ကြားအလှများကြွယ်တဲ့ **တောင်ကုတ်နယ်**
၁၂:၃၅ Activities in the City [သာသနာ့အာဇာနည်(၅၈)ပါး ပူဇော်ပွဲအခမ်းအနား]
၁:၀၀ **ထေရဝါဒ တို့တိုင်းပြည်** တရားတော် (ဆရာတော်အရှင်လာဘ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival [Hip Hop Beach (2)]
၃:၁၅ ရန်ကုန်မြင်ကွင်းကျယ် (Praram-9 ဆေးရုံမှနှလုံးရောဂါကုသမှုဆိုင်ရာ ဟောပြောမှုအခမ်းအနား)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀)
၄:၀၅ တေးဂီတအစီအစဉ်
၄:၂၀ ဖြစ်ထွန်းအောင်မြင် …. စိုက်ပျိုးဥယျာဉ်(စပျစ်)
၄:၄၅ Raffles Medical Group Raffles ဆေးရုံကြီးမှ နှလုံးအထူးကု ဆရာဝန်ကြီးနှင့်ဆွေးနွေးခြင်း (အပိုင်း-၁)
၅:၁၅ World of Knowledge (SAMURAL BOW)
၆:၀၀ MRTV-4 သတင်း
၆:၂၀ Celebrity Style (စန္ဒီမြင့်လွင်)
၆:၄၀ ပြည့်ဝသဒ္ဓါတရားအလှ ကောင်းသစ်စံခရီးသည် ပို့ဆောင်ရေး၏အလှူဒါန
၇:၀၀ Fashion Music Festival [Hip Hop Beach (2)]
၇:၂၅ ရန်ကုန်မြင်ကွင်းကျယ် (Praram-9 ဆေးရုံမှနှလုံးရောဂါကုသမှုဆိုင်ရာ ဟောပြောမှုအခမ်းအနား)
၇:၄၀ သင်ကြားရေးလမ်းညွှန် (New Cyber Centre)
၈:၀၀ MRTV-4 သတင်း
၈:၃၀ Cartoon Show Time (Niko The Way To The Stars)
၉:၁၅ Celebrity Style (စန္ဒီမြင့်လွင်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀)
၁၀:၀၀ Sunday Talk
၁၀:၀၅ ရန်ကုန်မြင်ကွင်းကျယ် (Crown Education မှ ကြီးမှူးကျင်းပသော Education Road Show)
၁၁:၂၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ရိုးရိုးလေးလည်း လန်းပါတယ်** ရိုက်ကွင်းအမှတ်တရ
၁၁:၄၅ **ငွေအစိတ်နှင့် အဆိပ်ငွေ** နေဆန်း၊ မျိုးစန္ဒီကျော်နှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ရွှေအေးကို)
၁၂:၀၀ မြန်မာ့လက်မှု ယွန်းအနုပညာ
၁၂:၂၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနှင့် တရုတ် နှစ်နိုင်ငံအကြား တည်ရှိခဲ့ပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည်ခိုင်မြဲရေး ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နှစ်နိုင်ငံအကြားထားရှိသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို တရုတ်နိုင်ငံအနေဖြင့် များစွာတန်ဖိုးထား ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေး မြန်မာနိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်း

* ရွှေ့ဖုံးမှ

သမိုင်းကြောင်းအစဉ်အလာ

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ရှည်လျားသော တော၊ တောင်၊ ရေ၊ မြေ၊ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ချစ်ကြည်ရင်းနှီးမှုရှိသည့် သမိုင်းကြောင်းအစဉ်အလာ ရှိခဲ့ပါသည်။ သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် နှစ်ပေါင်း(၆၀) ကာလအတွင်း မိမိတို့နှစ်နိုင်ငံသည် တန်းတူရည်တူရှိမှု၊ အပြန်အလှန်လေးစားယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် စိတ်ရင်းစေတနာအရင်းခံဖြင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အခြေခံ၍ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ဖော်ဆောင်နိုင်ခဲ့ပါသည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ချက်ကို ကနဦး စတင်ဖော်ထုတ်၍ စဉ်ဆက်မပြတ် ကျင့်သုံးခဲ့ကြသော မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးမှာ လွန်ခဲ့သည့် (၁၀)စုနှစ်များအတွင်း တစ်ရှိန်ထိုး တိုးတက်ဖြစ်ထွန်းလာခဲ့ပါသည်။ နှစ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် နှစ်နိုင်ငံအကြား ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆတက်ထမ်းပိုး မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပြီး မကြာသေးမီကာလများအတွင်းက နှစ်နိုင်ငံဆက်ဆံရေးမှာ မဟာဗျူဟာမြောက် ဆက်ဆံရေးအခြေအနေသို့ ရောက်ရှိခဲ့ပါသည်။

ထပ်လောင်းဆန္ဒပြု

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား တည်ရှိခဲ့ပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ဆတက်ထမ်းပိုး ပိုမိုတိုးတက်ဖြစ်ထွန်းစေရေးနှင့် အဓွန့်ရှည်ခိုင်မြဲစေရေးတို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ထပ်လောင်းဆန္ဒပြုအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ထံသို့ ပေးပို့သည့်သဝဏ်လွှာ -

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်(၆၀)ပြည့် မင်္ဂလာအခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စား တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများထံသို့ လှိုက်လှဲစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်း ပို့သအပ်ပါသည်။

တိုးတက်ဖြစ်ထွန်း

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြားတွင် နှစ်ပေါင်း(၆၀)အတွင်း ချစ်ကြည်ရင်းနှီးသော ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးနှင့် အပြန်အလှန်နားလည်မှုတို့ဖြင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ ဆတက်ထမ်းပိုး တိုးတက်ဖြစ်ထွန်းခဲ့ပါသည်။

အရှိန်အဟုန်ပိုမိုမြှင့်တင်

ယခုကျရောက်သည့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်(၆၀)ပြည့်အခါသမယမှာ တည်ရှိပြီးဖြစ်သည့် နှစ်နိုင်ငံဆက်ဆံရေးအခြေအနေကောင်းများနှင့် အသီးအပွင့်များကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်း တိုးတက်ဖြစ်ထွန်းသွားစေရန်နှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးအခြေအနေကို အရှိန်အဟုန် ပိုမိုမြှင့်တင်သွားရန်အတွက် အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်ပါသည်။

ဆက်လက်၍လည်း နှစ်နိုင်ငံအကြား အစဉ်အလာရှိသည့် အိမ်နီးချင်းကောင်းဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစွာဖြင့် တိုးတက်ဖြစ်ထွန်းလာမည်ဟု အခိုင်အမာယုံကြည်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရန်ကျဲချီထံသို့ ပေးပို့သည့်သဝဏ်လွှာ -

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်(၆၀)ပြည့် မင်္ဂလာအချိန်အခါသမယတွင် အဆွေတော်ထံသို့ ဆုမွန်ကောင်းများပို့သလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

နှစ်ထောင်းအားရ

လွန်ခဲ့သော နှစ်ပေါင်း(၆၀)ကာလအတွင်း နှစ်နိုင်ငံခေါင်းဆောင်ကြီးများနှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များ၏ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးတွင် ထူးခြားသည့် သမိုင်းမှတ်တိုင်များ စိုက်ထူနိုင်ခဲ့ခြင်းမှာ များစွာနှစ်ထောင်းအားရဖွယ်ပင် ဖြစ်ပါသည်။ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အချင်းချင်းအနေဖြင့်လည်း ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာနယ်ပယ်၌ ခိုင်မာသောချစ်ကြည်ရေးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်နိုင်ခဲ့ပါသည်။

ထိန်းသိမ်းမြှင့်တင်

နောင်နှစ်များတွင်လည်း နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုနှင့် တူညီသော အကျိုးစီးပွားကို အခြေခံ၍ ဒေသဆိုင်ရာ နိုင်ငံတကာနှင့် ကမ္ဘာလုံးဆိုင်ရာကိစ္စများတွင် ရှိရင်းစွဲ အပြန်အလှန် ပံ့ပိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဆက်လက်ထိန်းသိမ်း မြှင့်တင်သွားနိုင်လိမ့်မည်ဟု လေးနက်စွာ ယုံကြည်မိပါသည်။

❒ ရွှေ့ဖုံးမှ

အပြန်အလှန်ထောက်ခံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့သည် တူညီသော ရေ၊ မြေ၊ တော၊ တောင်များ ဆက်စပ်လျက်ရှိသည့် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်ပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အစောဆုံး သံတမန်ဆက်ဆံရေးထူထောင်သည့် နိုင်ငံများအနက် ပြည်ထောင်စုမြန်မာနိုင်ငံသည် တစ်နိုင်ငံဖြစ်ပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း (၆၀)ကာလအတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ချက်ကို အခြေခံကာ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ဆက်ဆံရေးမှာ ထင်ရှားသော တိုးတက်အောင်မြင်မှုများဖြစ်ထွန်းခဲ့ပြီး နှစ်နိုင်ငံ ပြည်သူများအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေခဲ့ပါသည်။ ရာစုနှစ်အသစ်သို့ ချင်းနင်းဝင်ရောက်ခဲ့ပြီးနောက် နှစ်နိုင်ငံ အဆင့်မြင့်ခေါင်းဆောင်များအကြား မကြာခဏ အပြန်အလှန် လည်ပတ်မှုများ ရှိခဲ့ပါသည်။ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက် ကောင်းမွန်စေရေးအတွက် ရည်မှန်းချက်များနှင့် ဦးတည်ချက်အသစ်များချမှတ်၍ ကဏ္ဍသစ်များစွာ၌ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို ခိုင်မာစွာထိန်းသိမ်းထားရှိနိုင်ခဲ့ပြီး အဓိကကျသည့် ကဏ္ဍများတွင် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှု ရလဒ်ကောင်းများ ဖြစ်ထွန်းအောင်မြင်ခဲ့သည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများတွင် မိမိတို့နှစ်နိုင်ငံသည် နားလည်မှုအပြည့်အဝဖြင့် အစဉ်တစိုက် အပြန်အလှန်ထောက်ခံမှုများ ပြုခဲ့ကြပါသည်။

အိမ်နီးချင်းကောင်း

နှစ်နိုင်ငံအကြား ထားရှိသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို တရုတ်နိုင်ငံအနေဖြင့် များစွာတန်ဖိုးထားရှိပါသည်။ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပိုမိုခိုင်မာ ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်၍ ရေရှည်ခိုင်မြဲမှုရှိသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အိမ်နီးချင်းကောင်း သံတမန်ဆက်ဆံရေးတွင် အဓိကကျသော အချက်တစ်ချက်ဖြစ်ပါသည်။ နိုင်ငံတကာအခြေအနေများ မည်သို့ပင် ပြောင်းလဲစေကာမူ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ယင်းမူဝါဒကို မဆုတ်မနစ် ဆက်လက်ကျင့်သုံးသွားမည် ဖြစ်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို လေးစားပြီး မြန်မာနိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်း တည်ငြိမ်ရေး၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ပြည်ပဆက်ဆံရေး တိုးချဲ့ဆောင်ရွက်မှုများအတွက် ကြိုးပမ်းအားထုတ်မှုများကို ထောက်ခံလျက်ရှိပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရေး ဖလှယ်မှု ပိုမိုကျယ်ပြန့်လာစေရန်အတွက်လည်းကောင်း၊ နှစ်ဦးနှစ်ဖက် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရန်အတွက်လည်းကောင်း၊ နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်း ပီသစွာဖြင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု တိုးတက်မြင့်မားစေရန်အတွက်လည်းကောင်း၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက်လည်းကောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် စည်ပင်သာယာဝပြောစေရန်အတွက်လည်းကောင်း၊ မြန်မာပြည်သူများ ကျန်းမာရွှင်လန်းစေရန်အတွက်လည်းကောင်း အခါအခွင့်ကြုံခိုက် ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်။

တရုတ်-မြန်မာချစ်ကြည်ရေး ထာဝရတည်တံ့ခိုင်မြဲပါစေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ထံမှ ပေးပို့သည့်သဝဏ်လွှာ -

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၆၀)ပြည့် မင်္ဂလာရှိသော ဤအခါသမယတွင် အဆွေတော်နှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရထံသို့ မိမိနှင့်တကွ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ နွေးထွေးစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့သည် တူညီသော ရေ၊ မြေ၊ တော၊ တောင်များ ဆက်စပ်လျက်ရှိပြီး နှစ်နိုင်ငံပြည်သူများအကြား လေးနက်သော ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဖြင့် ချစ်ကြည်ရင်းနှီးစွာဖြင့် နေထိုင်လျက်ရှိကြပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့အကြား သံတမန် ဆက်ဆံရေး စတင်ထူထောင်သည့် လွန်ခဲ့သော နှစ်ပေါင်း(၆၀)ကျော်မှစတင်၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို အခြေခံကာ နှစ်နိုင်ငံဆက်ဆံရေးမှာ စဉ်ဆက်မပြတ် တိုးတက်ခိုင်မာလျက်ရှိပါသည်။ လက်ရှိ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ဆက်ဆံရေးသည် အရှိန်အဟုန်ဖြင့် ခိုင်မာစွာ ထိန်းသိမ်းထားရှိပြီး စီးပွားရေးနှင့် ကုန်သွယ်ရေး၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ အပါအဝင် ကဏ္ဍပေါင်းစုံ အပြန်အလှန်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ချောမွေ့စွာ တိုးတက်လျက်ရှိပါသည်။ အလားတူ ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများတွင် မိမိတို့နှစ်နိုင်ငံသည် နီးကပ်စွာညှိနှိုင်း ပူးပေါင်းဆောင်ရွက်မှုကို ထိန်းသိမ်းဆောင်ရွက်ခဲ့ပါသည်။ စာမျက်နှာ ၅ ကော်လံ ၄

ပါကစ္စတန်၌ ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲသွားမည်

အစ္စလမ္မာဘတ် ဇွန် ၇

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ပါကစ္စတန်နိုင်ငံ၏ ကာကွယ်ရေး အသုံးစရိတ်များကို ၁၇ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း ဇွန် ၆ရက်၌ အစိုးရရုံးအဖွဲ့က သတင်းထုတ်ပြန်သည်။

ဇူလိုင် ၁ရက်တွင်စတင်မည့် အဆိုပါ ဘဏ္ဍာရေးနှစ်အတွင်း ကာကွယ်ရေး အသုံးစရိတ်ကို ပါကစ္စတန်သုံးငွေ ရူပီး ၄၄၂ ဒသမ ၂ဘီလီယံအထိ တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း၌ ရူပီး ၃၇၈ဒသမ ၂ဘီလီယံသာ သုံးစွဲခဲ့သည်ဟု ဆိုသည်။

ရှင်းလင်းပြောကြား

ပါကစ္စတန်နိုင်ငံ၏ လုံခြုံရေးကိစ္စသည် ထိပ်တန်းဦးစားပေး လုပ်ငန်းဖြစ်ကြောင်းကို ပါလီမန်၌ ဘဏ္ဍာရေးဝန်ကြီး အဗ္ဗဒူဟာဖီးလ်ရှာတီက ဘတ်ဂျက်အသုံးစရိတ်ကိစ္စကို ရှင်းလင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ တီယန်ကျင်းမြို့ရှိ တီယန်ကျင်းတက္ကသိုလ်မှ ကျောင်းသားများ ပထမဆုံး တီထွင်ထုတ်လုပ်လိုက်သည့် ဖော်မြူလာကားတစ်စီးကို ဇွန်၆ရက်က တွေ့ရစဉ်။(ဆင်ဟွာဓာတ်ပုံ)

သမ္မတအိုဘားမားနှင့်တွေ့ဆုံရန်ဖိတ်ခေါ်မှု အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟု လက်ခံ

ဂျေရုဆလင် ဇွန် ၇

အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့်တွေ့ဆုံရေးအတွက် ယခုရက်သတ္တပတ်တွင် ဝါရှင်တန်မြို့သို့ လာရောက်ပါရန် ဖိတ်ခေါ်မှုကို အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက လက်ခံလိုက်သည်ဟု ဇွန် ၅ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြသည်။

ဂျေရုဆလင်သို့လာရောက်စဉ် အမေရိကန်သမ္မတ အိမ်ဖြူတော်အရာရှိချုပ် ရမ်အီမဲညူရယ်က အထက်ပါအတိုင်း ဖိတ်ကြားလိုက်ခြင်းဖြစ်သည်။

အမေရိကန် သမ္မတ ဘားရက် အိုဘားမား

တွေ့ဆုံ

အမေရိကန်နှင့် အစ္စရေးနှစ်နိုင်ငံအကြား မတ်လကတည်းက ဆက်ဆံရေးတင်းမာမှုဖြစ်ပွားပြီးနောက် သမ္မတအိုဘားမားနှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့ ပထမအကြိမ် တွေ့ဆုံခြင်းဖြစ်လိမ့်မည်။ အဆိုပါတွေ့ဆုံခြင်းသည် ရပ်တန့်နေသည့် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပြန်လည်စတင်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် သဘောထားသည်။

အမေရိကန် ဒုတိယသမ္မတ အရှေ့အလယ်ပိုင်းသို့ရောက်ရှိစဉ်အတွင်းက အစ္စရေးထုတ်ပြန်သည့် အသိမ်းပိုက်ခံ အရှေ့ဂျေရုဆလင်ဒေသ၌ အစ္စရေးအခြေချနေထိုင်သူများအတွက် အိမ်ရာသစ်တည်ဆောက်ရေးကြေညာချက်ကြောင့် ပါလက်စတိုင်းတို့လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ ထွက်ခွာသွားခဲ့သည်။

(အင်တာနက်)

(၁၉)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ် ဗီယက်နမ် ဟိုချီမင်းမြို့၌ ကျင်းပ

ဟိုချီမင်း ဇွန် ၇

အရှေ့အာရှဆိုင်ရာ (၁၉)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ် (ဒဗလျူအီးအက်ဖ်) အစည်းအဝေးကို ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဟိုချီမင်းမြို့၌ ဇွန် ၆ရက်က စတင်ကျင်းပကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ အဆိုပါအစည်းအဝေးသို့ နိုင်ငံပေါင်း ၅၀ကျော်မှ အစိုးရအဖွဲ့အကြီးအကဲ ၄၀၀ ကျော်နှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာသင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထည့်သွင်းဆွေးနွေး

အစည်းအဝေးကို နှစ်ရက်ကြာကျင်းပရန်စီစဉ်ထားပြီး ကမ္ဘာလုံးဆိုင်ရာ ပြဿနာရပ်များတွင် အာရှ၏ ဦးဆောင်မှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ကမ္ဘာ့စီးပွားရေး၌ ဒေသတွင်းဆိုင်ရာ ယှဉ်ပြိုင်မှုများအပါအဝင် အရေးပါသည့် ခေါင်းစဉ်လေးခုကို ထည့်သွင်းဆွေးနွေးမည်ဖြစ်သည်ဟု ဆိုသည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ရုံးစိုက်ပြီး ကမ္ဘာ့နိုင်ငံများ အချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ပေးရန် ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ ထရီဟူဗန် နိုင်ငံတကာလေဆိပ်၌ အကြမ်းဖက် နှိမ်နင်းရေး စစ်ရေးလေ့ကျင့်နေကြသည့် နီပေါတပ်ဖွဲ့ဝင်များကို ဇွန် ၆ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

စင်ကာပူနှင့် တောင်ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

စင်ကာပူ ဇွန် ၇

စင်ကာပူနှင့် တောင်ကိုရီးယား နှစ်နိုင်ငံခေါင်းဆောင်တို့သည် လေကြောင်းလုပ်ငန်းဆိုင်ရာသဘောတူညီမှု (အေအက်စ်အေ) ပြန်လည်သုံးသပ်မှုအပါအဝင် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကို ဆွေးနွေးကြောင်း စင်ကာပူနိုင်ငံခြားရေး ဝန်ကြီးဌာနက ဇွန် ၅ရက်တွင် ထုတ်ပြန်ကြေညာသည်။

တွေ့ဆုံဆွေးနွေး

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းနှင့် ဇွန် ၅ရက်က စင်ကာပူ၌ ကျင်းပသော အာရှလုံခြုံရေးဆိုင်ရာ ညီလာခံတက်ရောက်သည့် တောင်ကိုရီးယားနိုင်ငံ သမ္မတ အီမြောင်ဘတ်တို့ တွေ့ဆုံဆွေးနွေးကြခြင်း ဖြစ်သည်။

တက်ရောက်

စင်ကာပူနိုင်ငံ ကျန်းမာရေးသိပ္ပံဆိုင်ရာ အဖွဲ့ (အိတ်ချ်အက်စ်အေ)နှင့် တောင်ကိုရီးယား စားနပ်ရိက္ခာနှင့် မူးယစ်နှိမ်နင်း စီမံခန့်ခွဲရေးဌာန (ကေအက်စ်ဒီအေ)တို့၏ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ နှစ်နိုင်ငံအကြီးအကဲတို့ တက်ရောက်ကြသည်။

(အင်တာနက်)

အမေရိကန်သံရုံးသို့ သယ်ဆောင်သည့်လက်နက်များ အစ္စလမ္မာဘတ်၌ သိမ်းဆည်းရမိ

အစ္စလမ္မာဘတ် ဇွန် ၇

ပါကစ္စတန်နိုင်ငံရှိ အမေရိကန်သံရုံးက ပိုင်ဆိုင်သည့် ကျည်ကာအင်္ကျီများ၊ ကျည်ကာဦးထုပ်များနှင့် လက်နက်များပါဝင်သော သံသယဖြစ်ဖွယ် ခရီးဆောင်အိတ်တစ်လုံးကို အစ္စလမ္မာဘတ်ရဲတပ်ဖွဲ့က သိမ်းဆည်းရမိကြောင်း ဒေသဆိုင်ရာသတင်းစာက ဇွန် ၆ရက်၌ ဖော်ပြသည်။

ဖမ်းဆီး

ရဲတပ်ဖွဲ့သည် အစ္စလမ္မာဘတ်မြို့ ဇီးရိုးလမ်းဆုံ၌ သံသယဖြစ်ဖွယ် မော်တော်ယာဉ်တစ်စီးကို ဇွန် ၅ရက်က ကြားဖြတ်စစ်ဆေးရာမှ အဆိုပါ လက်နက်ခဲယမ်းများကို သိမ်းဆည်းရမိခြင်းဖြစ်ပြီး ယင်းပစ္စည်းများနှင့်အတူ နှစ်ဦးကို ဖမ်းဆီးခဲ့သည်ဟုဆိုသည်။

ရည်ရွယ်

ယင်းပစ္စည်းများကို အမေရိကန်သံရုံးသို့ သယ်ဆောင်သွားရန် ရည်ရွယ်သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကန္ဒါဟာ အစိုးရရုံးအနီး ဗုံးပေါက်ကွဲ

ကန္ဒါဟာ ဇွန် ၇

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန္ဒါဟာပြည်နယ်အတွင်း၌ ဇွန် ၅ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အရပ်သား၁၄ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါဗုံးပေါက်ကွဲမှုသည် ပြည်နယ်အစိုးရရုံးအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားသော စက်ဘီးကို အစိုးရရုံးအနီး၌ ထားရှိပြီး ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

အာဖဂန်တောင်ပိုင်း၌ အဓိကထိုးစစ်များဆင်နွှဲရန် ပြင်ဆင်လျက်ရှိစဉ် စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုများ ပြန်လည် အရှိန်ရလာခဲ့သည်။**(အင်တာနက်)**

အမေရိကန်နိုင်ငံ အိုဟိုင်းအိုးပြည်နယ်အတွင်း၌ ဟာရီကိန်းမုန်တိုင်း မွှေနှောက်တိုက်ခတ်ပြီးနောက် အပျက်အစီးများကို ဇွန် ၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဆိုမာလီယာ၌ တိုက်ပွဲဖြစ်ပွား ၁၇ဦးသေဆုံး

မိုဂါဒစ်ရှူး ဇွန် ၇

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့တော်၌ ဆိုမာလီတပ်ဖွဲ့နှင့် အစ္စလာမ္မစ်စစ်သွေးကြွများ တိုက်ပွဲဖြစ်ပွားရာ ၁၇ဦးသေဆုံးပြီး ၆၀ခန့် ဒဏ်ရာရရှိကြောင်း ဇွန် ၄ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ယင်းတိုက်ပွဲမှာ အီသီယိုးပီးယား၌ သင်တန်းပေးထားသည့် တပ်ဖွဲ့ဝင်များအားအသုံးပြုပြီး အစိုးရ၏ စတင်ထိုးစစ်ဆင်နွှဲသည့် လက္ခဏာဖြစ်သည်။

ဖော်ပြ

ဆိုမာလီယာနိုင်ငံ တောင်ပိုင်းဒေသအနှံ့အပြား၌ ကြီးစိုးနေသည့် အယ်လ်ရှာဘတ်နှင့် အယ်လ်ခိုင်ဒါအုပ်စုများကို အာဖရိကသမဂ္ဂတပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် ချေမှုန်းရန် ကြိုးပမ်းလျက်ရှိသည်ဟုလည်း အဆိုပါသတင်း၌ ဖော်ပြသည်။

မိုဂါဒစ်ရှူးမြို့မြောက်ပိုင်း ဆိုမာလီယာသမ္မတနန်းတော်အနီးဒေသများကို စစ်သွေးကြွများထံမှ ပြန်လည်သိမ်းယူသည့် တိုက်ပွဲများ အောင်မြင်လျက်ရှိသော်လည်း အရပ်သားများစွာ သေဆုံးခဲ့ရသည်ဟု ယင်းသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

အာဖဂန်၌ ဗုံးပေါက်ကွဲမှု ထပ်ဆင့်ဖြစ်ပွား

ကဘူးလ် ဇွန် ၇

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ် ဂျလာလာဘတ်မြို့၌ ဇွန် ၆ရက်က အားပြင်းသည့် ဗုံးပေါက်ကွဲမှုဖြစ်ပွားကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ပြောကြား

ယင်းဖြစ်ပွားမှုသည် နေတိုးဦးဆောင်သောတပ်ဖွဲ့ကို ပစ်မှတ်ထားကာ ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ သို့သော် သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများမဖြစ်ပေါ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

သို့ရာတွင် ပေါက်ကွဲမှုကြောင့် အရပ်သားကိုးဦး ဒဏ်ရာရရှိကြောင်း ဒဏ်ရာရရှိသူအားလုံးကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်ဟု ဂျလာလာဘတ်မြို့ ကျန်းမာရေးဌာနမှ တာဝန်ခံဆရာဝန်က ပြောကြားသည်။

သေဆုံး

အဆိုပါဗုံးဖောက်ခွဲတိုက်ခိုက်မှုမှာ တတိယမြောက်ဖြစ်ပြီး ယင်းနေ့နံနက်စောစောပိုင်းကလည်း ကန္ဒါဟာမြို့တောင်ပိုင်းနှင့် ကူဒက်ချ်ပြည်နယ်မြောက်ပိုင်းတို့၌ လမ်းဘေးဗုံး နှစ်ကြိမ်ပေါက်ကွဲသဖြင့် ခြောက်ဦးသေဆုံးခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးမောင်မြင့် တရုတ်နိုင်ငံမှပြန်လည်ရောက်ရှိ

မြန်မာ-တရုတ် ချစ်ကြည်ရေး၊ မြန်မာ-ယူနန် ချစ်ကြည်ရေးနှင့် နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့

နေပြည်တော် ဇွန် ၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပခဲ့သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် နှစ်(၆၀)ပြည့်အခမ်းအနား နီးနှောဖလှယ်ပွဲနှင့် ညစာစားပွဲသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

အဖွင့်အမှာစကား

ဒုတိယဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၄ရက်တွင် ကူမင်းမြို့ရှိ ဂရင်းလိတ်ဟိုတယ်၌ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံးတို့က ကြီးမှူးကျင်းပခဲ့သည့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် နှစ်(၆၀)ပြည့်အခမ်းအနား နီးနှောဖလှယ်ပွဲသို့ တက်ရောက်၍ ဒုတိယဝန်ကြီး ဦးမောင်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

အမြင်ချင်းဖလှယ်

အဆိုပါနီးနှောဖလှယ်ပွဲတွင် မြန်မာ-တရုတ် ချစ်ကြည်ရေး၊ မြန်မာ-ယူနန် ချစ်ကြည်ရေးနှင့် နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး၍ အမြင်ချင်းဖလှယ်ခဲ့သည်။

လက်မှတ်ရေးထိုး

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပေါင်စန်းမြို့တို့ အကြား ချစ်ကြည်ရေးမြို့တော် ထူထောင်သည့် သဘောတူညီချက်စာချုပ်လက်မှတ် ရေးထိုးပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါ သဘောတူညီချက်စာချုပ်ကို ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးဇော်ဖြိုးဝင်းနှင့် ပေါင်စန်းမြို့တော်ဝန် မစ္စတာ ဝူဆောင်းတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့ရှိ ဂရင်းလိတ်ဟိုတယ်၌ ကျင်းပခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် နှစ်(၆၀)ပြည့် အခမ်းအနား ညစာစားပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားခဲ့သည်။

ဖျော်ဖြေတင်ဆက်

အဆိုပါညစာစားပွဲသို့ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးဇော်ဖြိုးဝင်း၊ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာပိုင်အန်းဖေ၊ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် နိုင်ငံရေးဗျူရို အမြဲတမ်းအဖွဲ့ အထွေထွေ အတွင်းရေးမှူး မစ္စတာရောင်ရှင့်နန်၊ ပြည်နယ်ပြည်သူ့ ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ မစ္စတာ ကျောင်ပါကြီးဆိုင်၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ကူရှောက်ချီ၊ ယူနန်ပြည်နယ် ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ မစ္စတာဝမ်ကြယ်ချီ၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မဒမ်ကျိုးတုန်၊ ယူနန်ပြည်နယ် ပြည်သူ့အစိုးရမှ တာဝန်ရှိသူများ၊ ကူမင်းမြို့တွင် စီးပွားရေးလုပ်ကိုင်နေသည့် မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ညစာစားပွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ မောကိန္နရီ ယဉ်ကျေးမှုအကအဖွဲ့က တရုတ်ယဉ်ကျေးမှု တေးဂီတအဖွဲ့နှင့်တွဲဖက်၍ မြန်မာတေးသီချင်းများ၊ ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဒုတိယဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန်၆ရက်တွင် ထိန်ချုံးမြို့သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့မှ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ပြန်လည်လိုက်ပါလာကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သဘောတူညီချက် စာချုပ်

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပေါင်စန်းမြို့တို့အကြား ချစ်ကြည်ရေးမြို့တော်ထူထောင်သည့် သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်စဉ်။ (နိုင်ငံခြားရေး)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် နှစ်(၆၀)ပြည့် အခမ်းအနား နီးနှောဖလှယ်ပွဲသို့ တက်ရောက်စဉ်။ (နိုင်ငံခြားရေး)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လုပ်ရှားဆောင်ရွက်မှုများကို ပြည်သူလူထုသိရှိစေရန် ရည်ရွယ်၍ ၂၀၁၀ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။ ဆောင်းပါးပြိုင်ပွဲကို ***“ ကမ္ဘာတစ်လွှားဝင့်ကာကြွား တို့မြန်မာအမျိုးသမီးများ ”*** *ဟူသော ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို* ***“မျိုးဂုဏ်ဝင့်ကြွား မြန်မာအမျိုးသမီးများ ”*** *ဟူသောခေါင်းစဉ်ဖြင့် လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။*

ဆောင်းပါးပြိုင်ပွဲတွင် မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူများကို စာလုံးရေသုံးထောင်မှ ငါးထောင်အထိရေးသား၍ ပေးပို့ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူ နှစ်စောင်ကို ကိုယ်တိုင်ရေး စာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်း အကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ပူးတွဲပေးပို့

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှုအစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀ လက်မ × ၁၄ လက်မ)တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာ အမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည် ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် ပြိုင်ပွဲဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၈ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲဝင် ဓာတ်ပုံများကို ဇွန် ၁၉ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

စာမျက်နှာ ၃ မှ

အထောက်အကူပြု

တရုတ်-မြန်မာဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရေးသည် နှစ်နိုင်ငံပြည်သူများ၏ အခြေခံအကျိုးစီးပွားနှင့် ဒေသအတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးတို့ကို အထောက်အကူပြုရေးတို့အတွက် ဖြစ်ပါသည်။

လက်တွဲဆောင်ရွက်

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်(၆၀) ပြည့် အခါသမယတွင် အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးမှုခိုင်မာရေး၊ အပြန်အလှန်အကျိုးတူပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် အိမ်နီးချင်းကောင်းပီသသော ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု တိုးတက်မြင့်မားရေးတို့အတွက် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားရန် အသင့်ရှိပါသည်။

ဆုမွန်ကောင်းပို့သ

ပြည်ထောင်စုမြန်မာနိုင်ငံတော် စည်ပင်သာယာဝပြောစေရန်အတွက်လည်းကောင်း၊ အဆွေတော်နှင့် ပြည်သူများ ကျန်းမာရွှင်လန်းစေရန်အတွက်လည်းကောင်း အခါအခွင့်ကြုံခိုက် ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရန်ကျဲချီထံမှပေးပို့သည့်သဝဏ်လွှာ-

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၆၀)ပြည့်မင်္ဂလာရှိသောၤအခါသမယတွင် အဆွေတော်အားနွေးထွေးစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ဆက်လက်ထိန်းသိမ်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့သည် တူညီသော ရေ၊ မြေ၊ တော၊ တောင်များ ဆက်စပ်လျက်ရှိပြီး ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ကြပါသည်။ လွန်ခဲ့သည့်နှစ်ပေါင်း (၆၀)ကျော်က နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် အချိန်မှစတင်၍ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အိမ်နီးချင်းကောင်းပီသစွာဖြင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးမှာ ချောမွေ့ကောင်းမွန်စွာ တိုးတက်လျက်ရှိပါသည်။ နှစ်နိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုနက်ရှိုင်းလျက်ရှိပြီး ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများတွင်လည်း ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းခဲ့ကြပါသည်။

လက်တွဲဆောင်ရွက်

ခေတ်သစ်အခါသမယတွင် တရုတ်-မြန်မာဆက်ဆံရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်းကောင်း၊ နှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းစေရန်အတွက်လည်းကောင်း၊ ဒေသတွင်း တည်ငြိမ်ရေးနှင့် အေးချမ်းသာယာဝပြောမှုရှိစေရန်အတွက်လည်းကောင်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားရန် အသင့်ရှိပါသည်။

❍ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံရုံးမှ ခေတ္တသံရုံးယာယီတာဝန်ခံ Mr. Vu Van Minh တို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသည့် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီဥက္ကဋ္ဌ H.E. Mr. Le Hoang Quan က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်

နေပြည်တော် ဇွန် ၇

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဇွန် ၅ ရက် ည ၇နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ Rex Hotel ရှိ Lotus Ball Room ၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီဥက္ကဋ္ဌ H.E. Mr. Le Hoang Quan က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီဥက္ကဋ္ဌ H.E.Mr. Le Hoang Quan က ကြိုဆိုနှုတ်ဆက်သည်။

ညစာစားပွဲ

အဆိုပါညစာစားပွဲသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr.Hoang Trung Hai၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr.Phan Gia Khiem နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကား

ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီဥက္ကဋ္ဌ H.E.Mr. Le Hoang Quan က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဆိုပါညစာစားပွဲသို့ တက်ရောက်လာကြသော နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီဥက္ကဋ္ဌ H.E. Mr. Le Hoang Quan က တည်ခင်းဧည့်ခံသည့် ညစာကို အတူတကွသုံးဆောင်ကြသည်။

သီဆိုဖျော်ဖြေ

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဟိုချီမင်းမြို့တော်မှ အနုပညာရှင်များက ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုညစာစားပွဲ — နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန် ဟိုချီမင်းမြို့ရှိ Rex Hotel ၌ ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီ ဥက္ကဋ္ဌ H.E.Mr. Le Hoang Quan က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီဥက္ကဋ္ဌ H.E.Mr. Le Hoang Quan ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၈-၆-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၅၀ ၁၀။ မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား **Uruguay and Nigeria**
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ **ချစ်သုဝေ**
၆:၄၀ ၁၅။ အကြင်နာလက်တစ်စုံ
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၃၅)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ မွေးမြူသုတ
၂၂။ ဟာသရုပ်စုံ **ဇာတ်ပို့ဇာတ်ရန်** စတားကောင်းထက်အဖွဲ့နှင့် ကောင်းဘိုအဖွဲ့
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ ဒဏ္ဍာရီ** (အပိုင်း-၁၄)

မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်းအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိ ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များတွင် အာရှနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်

● *ကျော်ဖုံးမှ*

ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်ဥက္ကဋ္ဌ Dr. Klaus Schwab က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းတို့က မိန့်ခွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဖွင့်မိန့်ခွန်း ပြောကြားရာတွင် တက်ရောက်လာကြတဲ့ အဆွေတော် ဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များ ခင်ဗျား-

မိမိအနေနှင့် ဤအရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် ယခုကဲ့သို့ အဖွင့်မိန့်ခွန်း ပြောကြားရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း ရှေးဦးစွာ ပြောကြားလိုပါတယ်။

ဝမ်းမြောက်မိ

ယခုကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်ကို ယခင်က စီးပွားရေး တိုးတက်မြင့်မားသည့် အရှေ့အာရှနိုင်ငံများတွင် ကျင်းပခဲ့သော်လည်း ယခုအကြိမ်မှာတော့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဗီယက်နမ်နိုင်ငံတွင် ပထမဦးဆုံး စတင်ကျင်းပနိုင်ခြင်းကို ဝမ်းမြောက်မိပါကြောင်းနှင့် ဂုဏ်ယူမိပါကြောင်း ပြောကြားလိုပါတယ်။

ဝိုင်းဝန်းဆွေးနွေး

ယခုကျင်းပသည့် ဖိုရမ်တွင် အာရှ၏ ခေါင်းဆောင်မှု အစီအစဉ်ကို ပြန်လည်စဉ်းစားခြင်း (Rethinking Asia's Leadership Agenda)ဆိုသည့် ဆောင်ပုဒ်ကို ဦးတည်၍ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ၊ တီထွင်ဆန်းသစ်မှု၊ ဒေသဆိုင်ရာစီးပွားရေး ပေါင်းစည်းရေးနှင့် ကွန်ရက်ဆက်သွယ်မှု စသည့် ကဏ္ဍစုံကို နိုင်ငံအကြီးအကဲများ၊ ဝန်ကြီးများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် ပညာရှင်များမှ ဝိုင်းဝန်းဆွေးနွေး သွားကြမှာ ဖြစ်ပါတယ်။

မလွဲဧကန်

ယခုဖိုရမ်တွင် လက်ရှိကမ္ဘာ့စိန်ခေါ်မှုများဖြစ်သော ရာသီဥတုပြောင်းလဲမှု၊ စားနပ်ရိက္ခာဖူလုံမှု စသည်တို့နှင့် ပတ်သက်၍ ဒေသအဆင့်၊ ကမ္ဘာ့အဆင့်များတွင် အာရှနိုင်ငံများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်သွားဖို့နှင့် နောင်အနာဂတ်မှာ ကမ္ဘာ့အရေးကိစ္စတွေနဲ့ ပတ်သက်ပြီး အရှေ့အာရှနိုင်ငံများအနေနဲ့ ဘယ်လိုဦးဆောင်နိုင်မလဲ၊ ဘယ်လို ကဏ္ဍတွေမှာ ဦးဆောင်နိုင်မှာလဲ၊ ဒီလို ဦးဆောင်နိုင်ဖို့ ဘာတွေကို ပြင်ဆင်ထားဖို့ လိုအပ်သလဲ၊ ဘယ်လို ပူးပေါင်းဆောင်ရွက်ကြမှာလဲ စတဲ့ အကြောင်းအရာတွေကို ဆွေးနွေးအဖြေရှာကြမှာဖြစ်လို့ ဒီလို လုပ်ဆောင်ချက်တွေဟာ နိုင်ငံအတွက်ရော၊ ဒေသအတွက်ရော၊ ကမ္ဘာကြီးအတွက်ပါ အကျိုးရှိစေမယ်ဆိုတာ မလွဲဧကန်ဖြစ်ပါတယ်။

ဆက်လက်ဆောင်ရွက်

ယနေ့ကမ္ဘာတွင် လွန်ခဲ့သည့် ၂နှစ်က စတင်ခဲ့သည့် စီးပွားရေးအကျပ်အတည်းကြောင့် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးကျဆင်းမှုများ၊ ငွေကြေးနှင့် ဘဏ္ဍာရေးဈေးကွက်ထိခိုက်မှုများ၊ ကုန်ထုတ်လုပ်မှု ကျဆင်းမှုများ၊ ပို့ကုန်ကျဆင်းမှုများ၊ အလုပ်လက်မဲ့ ပြဿနာများနှင့် ရင်ဆိုင်ခဲ့ရာမှ အာရှအနေဖြင့် ပြန်လည်ထူထောင်နိုင်ခဲ့တာကို အဆွေတော်အားလုံး အသိဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာ့စီးပွားရေးပြန်လည် တိုးတက်မှုတွင် အာရှမှ ဦးဆောင်နိုင်ခဲ့ပြီး အာရှနိုင်ငံများဟာ ၂၀၁၀ ခုနှစ်မှာ ပျမ်းမျှအားဖြင့် ၇ရာခိုင်နှုန်း တိုးတက်မယ်လို့ ခန့်မှန်းထားသည့်အတွက် ကမ္ဘာ့ပျမ်းမျှတိုးတက်မှုနှုန်း ခန့်မှန်းခြေ ၄ဒသမ၁ရာခိုင်နှုန်းထက်များစွာ ရှေ့ရောက်ခဲ့ပါတယ်။ သို့သော်လည်း အကျပ်အတည်း မတိုင်မီကာလ စီးပွားရေးတိုးတက်မှု အခြေအနေကို ပြန်လည်ရရှိဖို့အတွက် နိုင်ငံအားလုံးက ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။

အရှိန်အဟုန်မြှင့်

ကမ္ဘာ့စီးပွားရေးစနစ် (World economic system)မှာ သိသာထင်ရှားတဲ့ စီးပွားရေးကောင်းကျိုး (Economic well being)ကို ရရှိစေနိုင်ဖို့ အခွင့်အလမ်းများစွာ တည်ရှိနေသလို စိန်ခေါ်မှု (challenges) များလည်း တည်ရှိနေပါတယ်။ ပေါင်းစည်းသော နိုင်ငံများအကြား ကဏ္ဍအမျိုးမျိုး တိုးတက်စေဖို့ Win Win strategies များကို အသုံးချပြီး Socio-cultural tensions များကို ပယ်ပျောက်စေနိုင်အောင် စုပေါင်းကြိုးပမ်းကြရမှာပဲ ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်း စိတ်ဓာတ် (sense of community)ကို ရရှိစေနိုင်ဖို့ နိုင်ငံများအကြား ပူးပေါင်းမှု အရှိန်အဟုန်များကို မြှင့်တင်ဆောင်ရွက်ကြရန် ဖြစ်ပါတယ်။

ပူးပေါင်းမှုအရှိန်အဟုန်ကို မြှင့်တင်ဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်း အကျိုးကျေးဇူး ပိုမိုမြင့်မားလာနိုင်မယ်လို့ ယုံကြည်ပါတယ်။ တူညီတဲ့ကိစ္စရပ်များမှာ Competitive ပြုလုပ်မည့်အစား ပေါင်းစည်းတဲ့ Synergy ကြောင့် Competitive Advantage ပိုမိုပြီး ရရှိလာနိုင်မှာ ဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း Compete မပြုလုပ်ဘဲ ပေါင်းစည်းမှုပြုခြင်းအားဖြင့် ဒေသပြင်ပရှိ အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို ပိုမိုမြှင့်တင်နိုင်မှာဖြစ်ပါတယ်။

ယုံကြည်မိ

ယနေ့ အချိန်အခါမှာ ကမ္ဘာကြီးပူနွေးမှုနဲ့အတူ ရာသီဥတု ဖောက်ပြန်မှုများကို ကမ္ဘာ့လူသားများအားလုံး လက်တွေ့ခံစား နေရပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကမ္ဘာကြီး ပူနွေးမှုကို လျှော့ပါးစေရေး စသည့် လုပ်ငန်းတွေမှာ ကဏ္ဍအားလုံး ဘက်စုံခြိုင်၍ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အရှေ့အာရှနိုင်ငံ အသီးသီးအနေဖြင့် မိမိတို့နိုင်ငံ၏ စွမ်းဆောင်နိုင်တဲ့ စွမ်းအားလိုက် တက်ကြွစွာပါဝင်ဆောင်ရွက်ကြမယ်လို့ ယုံကြည်မိပါတယ်။

ဆင်းရဲနွမ်းပါးမှုနှင့် သဘာဝပတ်ဝန်းကျင် ပြန်းတီးမှုတို့ဟာလည်း များစွာ ဆက်စပ်နေပြီး သဘာဝပတ်ဝန်းကျင် ပြန်းတီးလေလေ၊ ဆင်းရဲနွမ်းပါးမှုပိုမိုများပြားလေလေပဲ ဖြစ်ပါတယ်။ အရှေ့အာရှနိုင်ငံများအနေဖြင့် စဉ်ဆက်မပြတ်တည်ရှိမှု(Sustainability)ဆိုတဲ့ သဘောတရားကို ဖွံ့ဖြိုးမှု (Development) သဘောတရားနဲ့ပေါင်းစပ်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးဆောင်ရမှာ ဖြစ်ပါတယ်။

ဝိုင်းဝန်းကြိုးပမ်း

ယခုအချိန်ဟာ ကမ္ဘာ့နိုင်ငံများအနေနဲ့ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းမှ

၂၀၁၀ခုနှစ် (၁၉)ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ် ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

လွတ်မြောက်လာခဲ့သော်လည်း ကမ္ဘာ့စီးပွားရေး အဆောက်အအုံကြီး Sustained Growth ဖြစ်စေဖို့ ကမ္ဘာ့နိုင်ငံများအားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ချက်တွေထဲမှာ အလုပ်အကိုင်အပြည့်အဝရရှိမှု အချက်ဟာလည်း အကျုံးဝင်နေပါတယ်။

အာရှရဲ့ လူငယ်တွေဟာ အာရှရဲ့ အနာဂတ်ဖြစ်တဲ့အတွက် Knowledge Age မှာ အရည်အချင်းပြည့်မီပြီး Innovation, Creativity တို့ရှိတဲ့ Knowledge Workers တွေဖြစ်လာစေဖို့ လူငယ်တွေရဲ့ Talent ကို ဖွံ့ဖြိုးအောင် အစဉ်အမြဲကြိုးပမ်းနေဖို့ လိုအပ်ပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းနဲ့ လူငယ်တို့ရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာတို့ဟာ များစွာ ဆက်စပ်လျက်ရှိနေပြီး အခွင့်အလမ်းပေါ်မူတည်ပြီး ယှဉ်ပြိုင်လိုစိတ်၊ ကြိုးစားလိုစိတ်များဖြင့် တီထွင်ဆန်းသစ်မှုများကို ဖြစ်ပေါ်လာစေနိုင်မှာဖြစ်ပြီး လူငယ်တို့ရဲ့ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုကိုလည်း အားပေးရာရောက်နိုင်ပါတယ်။ ဒီနေ့အချိန်အခါမှာ အာရှရဲ့ ဉာဏ်ရည်ဉာဏ်သွေးအစုအဝေးကြီးကို ထိရောက်ကောင်းမွန်တဲ့ စနစ်များနဲ့ လေ့ကျင့် ပြုစုပျိုးထောင်ပေးခြင်းအားဖြင့် အာရှရဲ့ ဖွံ့ဖြိုးမှုကို ကောင်းစွာတည်ဆောက်ရမှာ ဖြစ်ပါတယ်။

ဦးတည်စေမည်

အရှေ့အာရှနိုင်ငံများအနေဖြင့် မိမိတို့ရဲ့ စီးပွားရေးတိုးတက်မှု အရည်အသွေးကို ပြန်လည်ဆန်းစစ်ရန် လိုအပ်ပါတယ်။ အရှေ့အာရှနိုင်ငံများအကြား တူညီမှုများရှိသကဲ့သို့ ပြည်တွင်းဈေးကွက် အရွယ်အစား၊ စီးပွားရေးအခြေအနေ၊ ဖွံ့ဖြိုးမှုအဆင့် စတာတွေမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကွဲပြားခြားနားမှုများလည်း ရှိနေပါတယ်။ အရှေ့အာရှဒေသတွင်း နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာခြားချက် (Development Gap) လျော့ပါးစေရန် ကြိုးပမ်းဖို့ လိုအပ်နေပါသေးတယ်လို့ ထင်မြင်ယူဆမိပါတယ်။ ဖွံ့ဖြိုးမှု နည်းပါးနေသေးသော အရှေ့အာရှနိုင်ငံများအနေနဲ့ ပထဝီဒေသဆိုင်ရာ အချက်အလက်များ ကောင်းမွန်ခြင်း၊ သယံဇာတပေါများကြွယ်ဝခြင်း၊ ထိုက်သင့်သော လူသားရင်းမြစ် တည်ရှိခြင်း စသည်တို့ကြောင့် တိုးတက်ရန် အလားအလာကောင်းများ ရှိပြီးဖြစ်ပါတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ စာနာထောက်ထားပြီး risk လျှော့နည်းရေးနဲ့ သဟာယပြေရေးကို ဦးတည်သည့်နိုင်းကာ လက်တွဲခေါ်ယူ ဖေးမသွားမှ အရှေ့အာရှနိုင်ငံများအကြား ဘက်ညီမျှတစွာ တိုးတက်မှုကို ဦးတည်နေစေပြီး ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းမှုမှသည် ကမ္ဘာလုံးဆိုင်ရာ လုံခြုံမှုဆီသို့ ဦးတည်စေမည်ဖြစ်ပါတယ်။

အရေးကြီး

အာရှအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပိုင်းတို့တွင် ကွဲပြားမှုများ ရှိနေသဖြင့် အဆိုပါ ကွဲပြားမှုများအပေါ် Common Understanding ရှိ၍ World Agenda တွင် အသံတစ်သံတည်း ထွက်နိုင်ရေးသည် အရေးကြီးပါတယ်။ နိုင်ငံတကာ အဖွဲ့အစည်းများအကြားတွင် အာရှ၏ အခန်းကဏ္ဍကိုရှေ့တန်းမှ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့တွင် ရှိပြီးဖြစ်သည့် Institutional Mechanism ခိုင်မာရေး၊ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဒေသတွင်း ကုန်သွယ်မှု ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးသည်လည်း အရေးကြီးပါတယ်။

အာရှတွင် ပါဝင်သည့် အာဆီယံအနေဖြင့် အာဆီယံ ပုံမှန်အနေအထား ပြန်လည်ရောက်ရှိမှု တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကြေညာချက်ကို ဧပြီလအတွင်း ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန် ကြေညာခဲ့ပြီး အာဆီယံတွင် ဘဏ္ဍာရေး တည်ငြိမ်မှုရရှိစေရေးနှင့် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိမှု တည်တံ့စေရေး၊ အာဆီယံစီးပွားရေး ပေါင်းစည်းမှုကို မြှင့်တင်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုကို အားပေးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ရေးအတွက် မြှင့်တင်ရေး၊ လူမှုလုံခြုံမှုစနစ် ကွန်ရက် ပိုမိုခိုင်မာစေရေး၊ ပညာရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ပုဂ္ဂလိကကဏ္ဍနှင့် တွေ့ဆုံဆွေးနွေးမှု ပိုမိုတိုးတက်စေရေး၊ အာဆီယံအတွင်း ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေး စသည်တို့တွင် ကြိုးပမ်းဆောင်ရွက်ရန် ချမှတ်ခဲ့ပါတယ်။

အာဆီယံအတွင်း ရှိပြီးဖြစ်သည့် လုပ်ငန်းစဉ်များ ပိုမိုအားကောင်းခိုင်မာစေရေးအတွက် အာဆီယံအပေါင်း ၃နှင့် အပေါင်း ၆ နိုင်ငံများအနေဖြင့် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်နှင့် နိုင်ငံတကာ အသိုက်အဝန်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အာရှ၏ အခန်းကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်သည်ကို ပြောကြားလိုပါတယ်။

ပူးပေါင်းဆောင်ရွက်

အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်းအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒေသတွင်းနိုင်ငံများနဲ့ နီးကပ်စွာ ပူးပေါင်း၍ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များတွင် အာရှနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် အာရှ၏ အခန်းကဏ္ဍ ပြန်လည်မြှင့်တင်နိုင်ရေး၊ နိုင်ငံတကာအစီအစဉ်များတွင် ဦးဆောင်ဦးရွက် ပါဝင် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် အာရှတွင်း ညီညီညွတ်ညွတ်ရှိရေးသည် အရေးကြီးတဲ့အပြင် အရှေ့အာရှအနေဖြင့် လက်ရှိ ကမ္ဘာ့စီးပွားရေး စီမံခန့်ခွဲမှုပိုင်းပုံသဏ္ဌာန် (Global Economic Structure of Governance)ကို ပြန်လည်ဆန်းစစ်ရန် လိုအပ်ကြောင်းနှင့် ယခုကျင်းပသည့် စီးပွားရေးဖိုရမ်တွင် ရလဒ်ကောင်းများ၊ အကြံဉာဏ်ကောင်းများဖြင့် အမြင်ချင်း ဖလှယ်နိုင်ပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Committee of the Chinese People's Political Consultative Conference ဒုတိယဥက္ကဋ္ဌ Ms. Wang Zhizhen နှင့် ထိုင်းနိုင်ငံ ကုန်သွယ်ရေး ကိုယ်စားလှယ်များ ဥက္ကဋ္ဌ Mr. Kiat Sittheeamorn တို့က မိန့်ခွန်း ပြောကြားကြသည်။

ထို့နောက် ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်ဥက္ကဋ္ဌ Dr. Klaus Schwab က နိဂုံးချုပ် စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ၂၀၁၀ခုနှစ် (၁၉)ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ် ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ သက်ဆိုင်ရာနိုင်ငံ အဖွဲ့အစည်းအကြီးအကဲများနှင့် အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အမြင်ချင်းဖလှယ်

အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်တို့ ပူးတွဲစီစဉ်ကျင်းပခြင်းဖြစ်ပြီး နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အစိုးရကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ဘာသာရပ်ကျွမ်းကျင်သူများ ဘာသာရပ်အလိုက် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည့် ဆွေးနွေးပွဲ ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၆-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၅ ၇။ စစ်တောင်းတံတား (မုပွလင်)
၈း၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
၈း၂၅ ၉။ မြို့ကြီးသားယဉ်ကျေးမှု
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ Local Talent
၈း၅၀ ၁၂။ အတီးဖြိုင်ပွဲ

ညပိုင်း

၃း၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် (ရတနာပုံ F.C နှင့် မနော်မြေ F.C)
၅း၀၀ ၂။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားရေးပညာ)
၅း၁၅ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀ ၄။ ကြေးမုံရိပ်သွင်တေးနယ်ချဲ့
၅း၂၅ ၅။ ရင်ခုန်စေတဲ့စား ကမ္ဘာ့ဖလား **(အုပ်စု F)**
၅း၄၅ ၆။ ရင်မှာစွဲထင် တေးအလှသံစဉ်
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၁၅ ၈။ မိုးလေဝသအခြေအနေ
၆း၂၀ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀ ၁၀။ ဆိုလိုက်ကြစို့
၇း၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၂၈)
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ ဘဝကိုယ်စီ အလှကိုယ်စီ (တေးဆို-ဝင်းဝင်းအောင်၊ မြို့မ၊ တေးရေး-ကိုရွှန်းမြိုင်၊ မြို့မ)
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနန္ဒ** (အပိုင်း-၂၂)
၁၇။ ရုပ်ရှင်ပဟေဠိ
၁၈။ အစီအစဉ်ပြီး၏။

စာပေသမားတို့၏ စကားဝိုင်း

ဟိန်းမြင့်

၂၀၁၀ခုနှစ် မေလ ၁၅ရက်တွင် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်ခြင်းနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC) အဆောက်အအုံ၌ကျင်းပခဲ့ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်တိုင် တက်ရောက်အားပေး ချီးမြှင့်ပြီး အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း ဖွဲ့စည်းတည်ထောင်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားခဲ့ပြီး စေတနာရှင်၊ အလှူရှင် ၃၅၄ဦးတို့က စာအုပ်စာစောင်များ အပါအဝင် အလှူငွေ စုစုပေါင်း ငွေကျပ် သိန်းပေါင်း ၇၂၀၀ကျော်ကို ပေးလှူခဲ့ကြသည်။

ဆက်လက်၍ မေ ၁၆ရက်နှင့် ၁၇ရက်များတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အဆောက်အအုံ၌ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး၏ ပဉ္စမအကြိမ်ညီလာခံကို အောင်မြင်စွာ ကျင်းပခဲ့ သည်။ အဆိုပါညီလာခံမှာ ၁၉၉၆မှ ၂၀၁၀အထိ လေးနှစ်သက်တမ်း ကာလအတွင်း ဆောင်ရွက်ခဲ့သော ဗဟိုအမှုဆောင်ကော်မတီအစီရင်ခံစာ၊ ဘဏ္ဍာရေးအစီရင်ခံစာ၊ စာရင်းများစစ်ဆေးချက်အစီရင်ခံစာ၊ စာပေရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့ အစီရင်ခံစာနှင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် စည်းမျဉ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများပြင်ဆင်ရန် တင်ပြချက်များအပေါ် ညီလာခံကိုယ်စားလှယ်များက အားသာချက်များ၊ အားနည်းချက်များကို အပြုသဘောဖြင့် ဝေဖန်သုံးသပ်ဆွေးနွေးကြပြီး အတည်ပြုခဲ့ကြသည်။ ရှေ့လုပ်ငန်းစဉ်များကိုလည်း ချမှတ်အတည်ပြုခဲ့ကြသည်။

အဆိုပါ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း ဖွဲ့စည်းတည်ထောင်ခြင်း၊ စာပေညီလာခံ ကျင်းပခြင်းများနှင့်ပတ်သက်၍ ကျွန်တော်တို့ စာပေသမားများ စကားဝိုင်းဖွဲ့ ဆိုခဲ့မိကြပါသည်·····။

"လာကြဟေ့၊ သူငယ်ချင်းတို့ ထိုင်ကြ ထိုင်ကြ။ မင်းတို့ လာမယ် ဆိုလို့ အစားအသောက်ပါ ပြင်ဆင်ထားပါတယ်။"

"အေး–ကောင်းတာပေါ့ကွာ၊ အစားအသောက်လည်း စားရင်း သိချင် တာလေးတွေလည်း မေးမြန်းဆွေးနွေးရတော့ အဆင်ပြေတာပေါ့။"

"မင်းက စာပေစာနယ်ဇင်းအဖွဲ့ကဆိုတော့ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းအကြောင်းကော၊ မင်းတို့ရဲ့ ပဉ္စမအကြိမ်ညီလာခံအကြောင်း ကိုပါ အသေးစိတ်သိမှာမို့ တို့လာခဲ့ကြတာပဲဟ၊ မင်းသိသမျှ ဖောက်သည် ချပေတော့။"

"အေးပါ၊ ပထမဆုံး ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း အကြောင်းပြောပါမယ်။ **ဖောင်ဒေးရှင်းဖွဲ့ရခြင်း ရည်ရွယ်ချက်က ယနေ့ မြန်မာ့လူ့ဘောင်ကို အစဉ်လေ့လာသင်ယူနေတဲ့ လူ့ဘောင်အဖွဲ့အစည်း တစ်ခု တည်ထောင်နိုင်ဖို့ရည်ရွယ်ပြီး နိုင်ငံနှင့်အဝန်း တည်ထောင်ထားပြီး ဖြစ်တဲ့ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွေကို စံ(၅)ရပ်နဲ့ ကိုက်ညီတဲ့ စာကြည့်တိုက်များ ဖြစ်လာနိုင်ရေးနဲ့ ရေရှည်တည်တံ့ခိုင်မြဲ ရေးတို့အတွက် လိုအပ်တဲ့ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ဖို့ပဲ ဖြစ်ပါ တယ်။**"

"ကောင်းတာပေါ့ကွာ၊ ကျေးရွာစာကြည့်တိုက်တွေကို ထူထောင် ပြီး ပစ်ထားတာမျိုးမဟုတ်ဘဲ တကယ်ထိရောက်တဲ့ ကျေးရွာပြည်သူတွေ ကို အမှန်တကယ်အကျိုးပြုမယ့် စာကြည့်တိုက်တွေအဖြစ် ရပ်တည် ရှင်သန်နိုင်ဖို့ဆိုတာ သိရတော့ ဝမ်းသာစရာပဲ။"

"စံ(၅)ရပ်က ဘာတွေလဲဆိုတာ ရှင်းစမ်းပါဦး။"

စံ(၅)ရပ်က "(၁)ကျေးလက်ပြည်သူတွေ စာဖတ်လိုစိတ်ရှိအောင်၊ စာဖတ်တဲ့ အလေ့အထဖြစ်အောင် ဆောင်ရွက်ဖို့၊ (၂) ရှိပြီး စာအုပ် စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရင်း စာအုပ် စာစောင်အသစ်တွေ တိုးပွားရရှိအောင် အလှူငွေလည်းရှာ၊ စာငှားစနစ် ကိုလည်းသုံးပြီး ငွေပဒေသာပင်စိုက်ထူထားဖို့၊ (၃)နဲ့ (၄)ကတော့ စာကြည့်တိုက်ပိုင်မြေ၊ စာကြည့်တိုက်ပိုင် အဆောက်အအုံရှိလာဖို့နဲ့ စာကြည့်တိုက်အတွက် လိုအပ်တဲ့ပရိဘောဂနဲ့ ပစ္စည်းရှိလာဖို့ပဲ၊ (၅)ကတော့ ကျွမ်းကျင်တဲ့ စာကြည့်တိုက်မှူးရှိဖို့နဲ့ စာကြည့်တိုက်ကော်မတီ ဖွဲ့စည်း ကြပ်မတ်သွားဖို့တို့ပဲ ဖြစ်တယ်။"

"အေးကွာ၊ စာကြည့်တိုက်ရှိပြီး ကျေးရွာကလူတွေက စာဖတ်တဲ့ အလေ့အထမရှိ၊ စာမဖတ်ကြဘူးဆိုရင်လည်း ဘာမှ အကျိုးမရှိနိုင်ဘူးဘဲ၊ အဲဒီတာဝန်ကိုတော့ မင်းတို့ စာပေစာနယ်ဇင်းက အဓိက စည်းရုံးလှုပ်ရှား ဆောင်ရွက်သင့်တယ်။"

"အလိမ္မာစာမှာရှိ ဆိုစကားရှိတယ်မဟုတ်လား။ ဒါ့ကြောင့် မင်းတို့ စာပေစာနယ်ဇင်းအဖွဲ့တွေနဲ့ ကျေးလက်က ဆရာ ဆရာမတွေ ပူးပေါင်းပြီး စာဖတ်ဝိုင်းတို့၊ စကားရည်လုပွဲတို့၊ ကျပန်းစကားပြောပွဲတို့၊ ဟောပြောပွဲ တို့စတဲ့ လုပ်ဆောင်နိုင်သမျှ စာပေလှုပ်ရှားမှုတွေနဲ့ ကျေးလက်ပြည်သူတွေ စာပေဖတ်ရှုလိုစိတ် ပွားများလာအောင် လုပ်သင့်တယ်။"

"မင်းတို့ပြောတာမှန်ပါတယ်။ ဒါတွေကို အရင်လေးနှစ်သက်တမ်း ကာလမှာကတည်းက အဖွဲ့ရဲ့လုပ်ငန်းစဉ်အနေနဲ့ ချမှတ်ထားပြီးသားပါ။ လိုက်နာလုပ်ဆောင်နိုင်တဲ့ မြို့နယ်ရှိသလို မလုပ်ဆောင်နိုင်တဲ့ မြို့နယ်တွေ လည်း ရှိနေမှာပါ။ အခု လေးနှစ်သက်တမ်းမှာတော့ အမျိုးသားရေးတာဝန် တစ်ရပ်အနေနဲ့ ထိထိရောက်ရောက်ဖြစ်အောင် ဖိဖိစီးစီး ကွပ်ကဲကြပ်မတ် သွားကြရမှာပဲ။ အတွင်းရေးမှူး(၁)ကရော ပြန်ကြားရေးဝန်ကြီးကပါ ဒါကို အလေးထား ပြောဆိုတိုက်တွန်းထားတာလည်း တွေ့ရတယ်လေ။"

"ကျေးရွာစာကြည့်တိုက်တွေက သက်ဝင်လှုပ်ရှားနေသမျှ လူ့စွမ်း အားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေနိုင်တယ်လေ၊ ဒါ့ကြောင့် စာကြည့်တိုက်တွေ အမြဲသက်ဝင်လှုပ်ရှားနေဖို့ဆိုရင် ပြည်သူတွေ စာဖတ်ဝါသနာ အလေ့အကျင့်ဖြစ်လာအောင် နည်းမျိုးစုံနဲ့ စည်းရုံးလှုံ့ဆော် ပေးဖို့လိုမယ်၊ ဒီလိုစည်းရုံးလှုံ့ဆော်နိုင်ဖို့ အသင့်တော်ဆုံး၊ အားထားနိုင်ဆုံး အဖွဲ့ကလည်း မြို့နယ်အနှံ့မှာ ဖွဲ့စည်းထားတဲ့ မြို့နယ်စာပေစာနယ်ဇင်းအဖွဲ့ တွေပဲဆိုတာကို တွေ့မြင်နိုင်ပါတယ်။ ဒါ့ကြောင့် စာပေဗဟိုအမှုဆောင် အဖွဲ့က လုပ်ငန်းကော်မတီတစ်ရပ်ရပ်ကို အတိအကျ တာဝန်ပေး၊ လုပ်ငန်း စီမံချက်ကို စနစ်တကျရေးဆွဲပြီး မြို့နယ်အဖွဲ့တွေနဲ့အတူ ပူးပေါင်းအကောင် အထည်ဖော်မယ်၊ မြို့နယ်အဖွဲ့တွေရဲ့ လိုက်နာလုပ်ဆောင်မှုကိုလည်း ကွပ်ကဲ ကြပ်မတ်သွားမယ်ဆိုရင်လည်း မအောင်မြင်နိုင်စရာ မရှိပါဘူး"။ ပြန်ကြား ရေးဝန်ကြီးဌာန ဝန်ကြီးရဲ့ စာပေညီလာခံမှာ ပြောဆိုချက်အရဆိုရင် ဖောင်ဒေးရှင်းကြီးရဲ့အားရယ်၊ စာပေစာနယ်ဇင်းအဖွဲ့ကြီးရဲ့ အားရယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းတွေရဲ့ အားရယ် အား(၃)အား ပူးပေါင်းပြီး ဆောင်ရွက်ကြရမယ်လို့ လမ်းညွှန်ခဲ့တာမို့ အဲဒီ အတိုင်း စနစ်တကျ စီမံချက်ရေးဆွဲ အကောင်အထည်ဖော်မယ်ဆိုရင် မလွဲမသွေ အောင်မြင်မှာပါ"။

"မှန်တာပေါ့။ **ဖောင်ဒေးရှင်းရဲ့အခြေခံမူဝါဒက အမျိုးသားရေးနဲ့ အမျိုးသားအကျိုးစီးပွားကို အခြေခံထားတာမို့ နိုင်ငံတော်ရဲ့ လူ့စွမ်းအား အရင်းအမြစ် တိုးတက်ရေးအတွက်ဆိုရင် စာပေလောကသားအားလုံး ကလည်း အဓိကအင်အားတစ်ရပ်အဖြစ် ပါဝင်ထမ်းဆောင်ကြရမှာပဲလေ။ စာပေစာနယ်ဇင်းအဖွဲ့ရဲ့ ရပ်တည်ချက်ကလည်း အမျိုးသားရေးအကျိုး စီးပွားဘက်က အမြဲတမ်းရပ်တည်လှုပ်ရှားနေတဲ့ အဖွဲ့ကြီးပဲမဟုတ်လား။ စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာ အခြေခံထားပြီး ဇာတိဂုဏ်၊ အမျိုးဂုဏ်၊ စာပေဂုဏ်ကို မြှင့်တင်မယ်ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကျင့်သုံး ဆောင်ရွက်နေတဲ့ စာပေအဖွဲ့ကြီးဖြစ်တာမို့ ခေါင်းဆောင်မှုကောင်းကောင်းနဲ့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့သာ ဆောင်ရွက်ကြမယ်ဆိုရင် အလွန် ထိရောက်တဲ့ အောင်မြင်မှုကြီးကိုရမှာ မလွဲပါဘူး။**"

"ငါ့အမြင်ကတော့ ကျေးလက်ပြည်သူတွေမှာ စာဖတ်တဲ့ အလေ့ အထ စွဲမြဲလာရင် နိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ်တွေ တိုးတက် လာပြီး နိုင်ငံတော်တည်ဆောက်ရေးမှာ ပိုမိုတိုးတက်အောင်မြင်နိုင်သလိုပဲ စာပေလောကသားတွေနဲ့ စာပေလောကကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှု ကိုပါ တစ်ပါတည်း ဖြစ်ပေါ်လာနိုင်တယ်လို့မြင်တယ်။ နိုင်ငံအကျိုး၊ ပြည်သူ အကျိုး ဆောင်ရွက်ရင်းနဲ့ စာပေလောကသားတို့ရဲ့အကျိုးပါ ဖွံ့ဖြိုးတိုးတက် လာမယ်။ မင်းတို့ စဉ်းစားကြည့်လေ၊ ကျေးရွာ စာကြည့်တိုက်ပေါင်း ၅၅၇၅၅ ခု ဖွင့်လှစ်ထားပြီးပြီဆိုတော့ အဲဒီ စာကြည့်တိုက်အားလုံးသာ ရှင်သန်ခိုင်မာ လှုပ်ရှားနေမယ်ဆိုရင် စာအုပ်စာစောင် ထုတ်ဝေဖြန့်ချိရာမှာ စာကြည့်တိုက်တစ်ခုကို တစ်အုပ်နှုန်းပဲဝယ်ဦး အနည်းဆုံး စာအုပ်ပေါင်း ငါးသောင်းကျော် ထုတ်ဝေရောင်းချရမယ် မဟုတ်လား၊ ဒါဆိုရင် စာရေးသူ၊ ပုံနှိပ်သူ၊ ထုတ်ဝေသူ၊ ဖြန့်ချိသူ စတဲ့ စာပေလောကသားတွေအားလုံး အကျိုးရှိမှာ အမှန်ပဲပေါ့။"

"အေး··· ဒါ့ကြောင့် ဝန်ကြီးက စာပေလောက တစ်ခုလုံး ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျေးရွာအထိ ခြေဆန့်ကြဖို့၊ ကျေးလက်ပြည်သူ အဆင့်နဲ့ ကိုက်ညီတဲ့ ဆွဲဆောင်မှုလည်းရှိ၊ ပညာပေးရာလည်းရောက်တဲ့ စာအုပ်စာစောင်တွေကို ရေးသားထုတ်ဝေ ဖြန့်ချိကြဖို့ လမ်းညွှန်ထားတာ ပဲ။"

"ဟုတ်ပ၊ စာအုပ်စာစောင်က ကျေးလက်ပြည်သူများအဆင့်နဲ့ မကိုက်ရင် အဲဒီစာကိုဖတ်ဖို့ စိတ်ဝင်စားမှာမဟုတ်ဘူး၊ ငါ့အတွေ့အကြုံအရ ရောက်တဲ့နေရာတိုင်းမှာ စာကြည့်တိုက်လေးတွေ တည်ထောင်ပေးခဲ့တယ်။ အဲဒီမှာ အငှားရဆုံးက ရုပ်ပြကာတွန်းပဲ၊ မဂ္ဂဇင်း၊ ပုံပြင်နဲ့ ကလေးစာစောင် တွေက ဒုတိယလိုက်တယ်၊ အခုခေတ်မှာတော့ ဂျာနယ်တွေလည်း ကျေးရွာ အတွက် အလုပ်ဖြစ်နိုင်ပါတယ်၊ "ဒို့ကျေးရွာ" စာစောင်ဆိုရင် စောင်ရေ သုံးသောင်းကျော်တောင် ထုတ်ဝေရတယ်လို့ သိရတယ်။"

"ဒါ့ကြောင့်မို့ စာပေဗဟိုက အလွှာသုံးလွှာဖြစ်တဲ့ စာရေးဆရာ အလွှာ၊ စာနယ်ဇင်းအလွှာနဲ့ ပုံနှိပ်ထုတ်ဝေဖြန့်ချိ အလွှာတွေ ပူးပေါင်းပြီး ကျေးလက်အဆင့်နဲ့ကိုက်ညီတဲ့ ဆွဲဆောင်မှုလည်းရှိ၊ ပညာပေးနိုင်မှုလည်း ရှိတဲ့ စာအုပ်စာစောင်၊ ရုပ်ပြ၊ ကာတွန်း၊ ဂျာနယ်တွေကို သင့်တင့်မျှတတဲ့ ဈေးနှုန်းနဲ့ ရေးသားပုံနှိပ် ထုတ်ဝေဖြန့်ချိသင့်တယ်လို့ မြင်ပါတယ်။"

"အေး··· သားရွှေအိုးထမ်းလာတဲ့အဖြစ်မျိုးနဲ့ ကြုံကြိုက်နေပြီမို့ စာပေအဖွဲ့ကြီးအနေနဲ့ အလေးအနက်ထားပြီး အားထုတ်ကြိုးပမ်းသင့်တယ် လို့ပဲ တိုက်တွန်းချင်ပါတယ်။"

"ကျေးရွာစာကြည့်တိုက်တွေက သက်ဝင်လှုပ်ရှားနေသမျှ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေနိုင်တယ်လေ၊ ဒါ့ကြောင့် စာကြည့်တိုက်တွေ အမြဲသက်ဝင်လှုပ်ရှားနေဖို့ဆိုရင် ပြည်သူတွေ စာဖတ်ဝါသနာ အလေ့အကျင့်ဖြစ်လာအောင် နည်းမျိုးစုံနဲ့ စည်းရုံး လှုံ့ဆော်ပေးဖို့လိုမယ်၊ ဒီလိုစည်းရုံးလှုံ့ဆော်နိုင်ဖို့ အသင့်တော်ဆုံး၊ အားထားနိုင်ဆုံးအဖွဲ့ကလည်း မြို့နယ်အနှံ့မှာ ဖွဲ့စည်းထားတဲ့ မြို့နယ် စာပေစာနယ်ဇင်းအဖွဲ့တွေပဲဆိုတာကို တွေ့မြင်နိုင်ပါတယ်။"

"ငါ့သဘောကို ပြောရမယ်ဆိုရင် ငါ့ဇာ…
စာကြည့်တိုက်တစ်ခုဆောက်လုပ်ပြီး လိုအပ်တဲ့…
တွေကိုပါ အပြည့်အစုံနဲ့ လှူဒါန်းတည်ထော…
စာကြည့်တိုက်ရဲ့ အခြေအနေကို လေ့လာကြ…
သလောက် မတိုးတက်လာဘူးဆိုတာ တွေ့ရတ…
စာဖတ်အလေ့အကျင့် မရှိတာက အဓိကအကြေ…
အကြောင်းတွေလည်း ရှိမှာပါ။ မအားလပ်တာ…
လည်း ရှိမှာပါ။ ဒါ့ကြောင့် ဖောင်ဒေးရှင်းကပဲ…
ဖြစ်ဖြစ် မြို့နယ်အဆင့် ကော်မတီတွေကို မြို့န…
ရယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီ…
မြို့အလိုက် ငွေကြေးနဲ့ သဒ္ဓါတရားရှိသူတွေ…
ကိုယ့်မြို့နယ်အတွင်းမှာရှိတဲ့ စာကြည့်တိုက်…
လက်တွေ့ကျကျ လေ့လာဆန်းစစ် အဖြေရှာ…
တစ်ပိုင်တစ်နိုင် ဆောင်ရွက်စေသင့်တယ်။ ကိုယ…
ကိုမှ အထက်ကိုတင်ပြပြီး အကူအညီ ရယူသင့်…
စာကြည့်တိုက်ကော်မတီအလိုက်လည်း ကိုယ့်…
ကိုယ်နိုင်သလောက် နိုင်တဲ့လုပ်ငန်းတွေမှာ …
တယ်။"

"အေးဟ၊ ကျေးရွာအားရယ်၊ မြို့နယ်အဆ…
ဖောင်ဒေးရှင်းကြီးရဲ့ အားရယ်ဆိုရင် ထိရောက်…
မြို့နယ်အဆင့် ဖွဲ့စည်းပြီးသားစာပေသမားတွေနဲ့…
ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းတွေပေါင်းပြီး လုပ်…
ခက်ခဲမှုလည်း မရှိနိုင်ဘူး၊ ငွေကုန်ကြေးကျလည်…
အထည်ဖော်ရာမှာ တကယ်ကို လွယ်ကူအဆင်…
လေ။"

**"ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရဲ့ မှာ…
မှာ ပြည်နယ်၊ တိုင်းနဲ့ မြို့နယ်အဆင့် ဖောင်ဒေး…
ပြီး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ဖို့ ရည်ရွယ်…
နောက်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့…
အောင်မြင်ပြီးမြောက်တဲ့အခါမှာ နိုင်ငံတော်အ…
ထားတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း (၅…
ရေးနဲ့ ကျန်းမာရေးတိုးတက်မှုလုပ်ငန်းများကိုပါ…
ရည်ရွယ်ထားကြောင်းလည်း သိရတယ်၊ အင်မတ…
ပြည်သူတွေအတွက် အမှန်အားထားရမယ့် ဖော…
လာပြီလို့ ဆိုရမှာပါ။"**

ဖောင်ဒေးရှင်းရဲ့ ရန်ပုံငွေရှာဖွေမယ့်နည်း…
ရှာနည်းကို ကျင့်သုံးမှာကွ၊ တစ်နှစ်မှာ ပြည်သူ…
ကျပ် ထည့်ဝင်ရင် တို့နိုင်ငံမှာ လူဦးရေ သန်…
ဖောင်ဒေးရှင်းအတွက် သန်း ၆၀၀ရမှာပဲ…
ဖောင်ဒေးရှင်းရဲ့လုပ်ငန်းတွေကို တစ်နှစ်တာ…
လုပ်ဆောင်လို့ရနိုင်ပြီပေါ့၊ ဒီလိုဖြစ်လာအောင်လ…
တွေက ဖောင်ဒေးရှင်းကို ဝိုင်းကူတဲ့အနေနဲ့ ပြ…
ဖြစ်အောင် မီဒီယာနည်းလမ်းပေါင်းစုံနဲ့ ပံ့ပိ…
ပေါ့ကွာ။

"ကောင်းပါလေ့ကွာ၊ အတွင်းရေးမှူး(…
**'ကျေးလက်စာကြည့်တိုက်တွေ ပေါ်ပေါက်လ…
ပြည်သူတွေ အသိပညာဗဟုသုတ ပိုမိုမြင့်…
ပြည်သူတွေ အသိပညာ မြင့်မားလာတာနဲ့အမျှ…
ရှိရှိ၊ ခိုင်ခိုင်မာမာ ကျင့်သုံးနိုင်မှာဖြစ်တယ်၊ အန…
စာကြည့်တိုက်တွေကိုအခြေခံပြီး Internet စ…
munity Learning Center တွေအဖြစ် ဆေ…
ဒါကြောင့် ကျေးရွာစာကြည့်တိုက်တွေ တည်ဆေ…
မြင့်မားရေးသာမက ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး…
ကရေစီ နိုင်ငံတော်တည်ဆောက်ရေးအတွက်ပါ အ…
တာဝန်တစ်ရပ်ဖြစ်တယ်'** လို့ ပါရှိတာတွေ့ရ…

**"ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း …
အလွန်မွန်မြတ်ပြီး တိုင်းကျိုးပြည်ပြု အမျိုးသား…
စေတနာရှင်တွေရဲ့ လှူဒါန်းမှုကလည်း အဲဒီနေ့က…
ကို သိန်း ၇၀၀၀ကျော်တောင်ရတာ တွေ့ရတ…
ငွေပဒေသာပင်အဖြစ် အပ်နှံပြီး နှစ်စဉ်အတို…
စာကြည့်တိုက်တွေအတွက် လိုအပ်မယ့်စာအုပ်…
ပေးမယ်၊ အဆောက်အအုံနဲ့ ပရိဘောဂတွေ မ…
ပြည်သူတွေ စာဖတ်ဝါသနာနဲ့ စာဖတ်အလေ့အ…
လာအောင် စာပေပညာရှင်တွေကို ကွင်းဆင်းပြီ…
မယ်၊ ပညာပေးစည်းရုံးမှုတွေ ကျယ်ကျယ်ပြ…
စီစဉ်ပံ့ပိုးပေးမယ်၊ စာကြည့်တိုက်များ စနစ်တ…
နိုင်အောင်လည်း ပညာရပ်ဆိုင်ရာတွေ ပံ့ပိုးပေးမ…
တိုးပွားလာအောင်လည်း ဆောင်ရွက်မယ်ဆိုတ…**

"အေးကွာ၊ ဒါ့ကြောင့် ဖောင်ဒေးရှင်းလ…
အတွက် တို့အားလုံးအပါအဝင် ပြည်သူတစ်…
စိတ်ဓာတ်ရှိရှိနဲ့ ပါဝင်ကူညီ လုပ်ဆောင်ကြရမယ်…
မင်းတို့ စာပေစာနယ်ဇင်းအဖွဲ့ကြီးက စာပေစွ…
ဉာဏ်စွမ်း ရှိသမျှ ပါဝင်လုပ်ဆောင်ကြဖို့…

"အေးပါ၊ တို့စာပေစာနယ်ဇင်း ဗဟိုအ…
ကလည်း အားထည့်ပြီး ကြိုးပမ်းသွားမှာပါ၊…
(အ…

"ငါသဘောကို ပြောရမယ်ဆိုရင် ငါ့ဇာတိမြို့က ရွာကြီးတစ်ရွာမှာ စာကြည့်တိုက်တစ်ခုဆောက်လုပ်ပြီး လိုအပ်တဲ့ ပရိဘောဂရော စာအုပ်တွေကိုပါ အပြည့်အစုံနဲ့ လှူဒါန်းတည်ထောင်ပေးထားတယ်။ အဲဒီစာကြည့်တိုက်ရဲ့ အခြေအနေကို လေ့လာကြည့်တော့ တိုးတက်သင့်သလောက် မတိုးတက်လာဘူးဆိုတာ တွေ့ရတယ်။ စာဖတ်အားနည်းတာ၊ စာဖတ်အလေ့အကျင့် မရှိတာက အဓိကအကြောင်းရင်းပဲလေ။ တခြားအကြောင်းတွေလည်း ရှိမှာပါ။ မအားလပ်တာတို့၊ အလုပ်ပင်ပန်းတာတို့လည်း ရှိမှာပါ။ ဒါကြောင့် ဖောင်ဒေးရှင်းကပဲဖြစ်ဖြစ်၊ စာပေဗဟိုကပဲဖြစ်ဖြစ် မြို့နယ်အဆင့် ကော်မတီတွေကို မြို့နယ်စာပေစာနယ်ဇင်းအဖွဲ့ရယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းတွေရယ်၊ မြို့အလိုက် ငွေကြေးနဲ့ သဒ္ဓါတရားရှိသူတွေရယ်တို့နဲ့ ဖွဲ့စည်းပေးပြီး ကိုယ့်မြို့နယ်အတွင်းမှာရှိတဲ့ စာကြည့်တိုက်တွေ ရှင်သန်နေအောင် လက်တွေ့ကျကျ လေ့လာဆန်းစစ် အဖြေရှာပြီး မိမိမြို့နယ်အားနဲ့ပဲ တစ်ပိုင်တစ်နိုင် ဆောင်ရွက်စေသင့်တယ်။ ကိုယ့်ဝန်ကိုယ့်အားနဲ့ မနိုင်တာကိုမှ အထက်ကိုတင်ပြပြီး အကူအညီ ရယူသင့်တယ်။ နောက်ပြီး ကျေးရွာစာကြည့်တိုက်ကော်မတီအလိုက်လည်း ကိုယ့်ရွာတိုးတက်ရေးအတွက် ကိုယ်နိုင်သလောက် နိုင်တဲ့လုပ်ငန်းတွေမှာ တာဝန်ယူလုပ်ဆောင်သင့်တယ်။"

"အေးဟ၊ ကျေးရွာအားရယ်၊ မြို့နယ်အဆင့်အားရယ်၊ စာပေဗဟိုနဲ့ ဖောင်ဒေးရှင်းကြီးရဲ့ အားရယ်ဆိုရင် ထိရောက်မှုရှိပြီး မြန်ဆန်နိုင်တယ်၊ မြို့နယ်အဆင့် ဖွဲ့စည်းပြီးသားစာပေသမားတွေနဲ့ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းတွေပေါင်းပြီး လုပ်ဆောင်ရင် အထူးတလည် ခက်ခဲမှုလည်း မရှိနိုင်ဘူး၊ ငွေကုန်ကြေးကျလည်း မရှိနိုင်ဘူး၊ အကောင်အထည်ဖော်ရာမှာ တကယ်ကို လွယ်ကူအဆင်ပြေပြီး ထိရောက်နိုင်မယ်လေ။"

"ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရဲ့ မှာကြားချက်အရ အနာဂတ်မှာ ပြည်နယ်၊ တိုင်းနဲ့ မြို့နယ်အဆင့် ဖောင်ဒေးရှင်းများပါ တိုးချဲ့ဖွဲ့စည်းပြီး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ဖို့ ရည်ရွယ်ထားတယ်လို့ သိရတယ်၊ နောက်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ အောင်မြင်ပြီးမြောက်တဲ့အခါမှာ နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း (၅)ရပ်ပါ ကျေးလက်ပညာရေးနဲ့ ကျန်းမာရေးတိုးတက်မှုလုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်သွားဖို့ ရည်ရွယ်ထားကြောင်းလည်း သိရတယ်၊ အင်မတန်မွန်မြတ်ပြီး ကျေးလက်ပြည်သူတွေအတွက် အမှန်အားထားရမယ့် ဖောင်ဒေးရှင်းကြီး ပေါ်ပေါက်လာပြီလို့ ဆိုရမှာပါ။"

ဖောင်ဒေးရှင်းရဲ့ ရန်ပုံငွေရှာဖွေမယ့်နည်းက လူထုအခြေခံ ရန်ပုံငွေရှာနည်းကို ကျင့်သုံးမှာကွ၊ တစ်နှစ်မှာ ပြည်သူတစ်ဦးက ငွေတစ်ဆယ်ကျပ် ထည့်ဝင်ရင် တို့နိုင်ငံမှာ လူဦးရေ သန်း ၆၀ ဝန်းကျင်ဆိုတော့ ဖောင်ဒေးရှင်းအတွက် သန်း ၆၀၀ရမှာပဲလေ။ သန်း ၆၀၀ဆိုရင် ဖောင်ဒေးရှင်းရဲ့လုပ်ငန်းတွေကို တစ်နှစ်တာ လုံလုံလောက်လောက် လုပ်ဆောင်လို့ရနိုင်ပြီပေါ့၊ ဒီလိုဖြစ်လာအောင်လည်း တို့စာနယ်ဇင်းသမားတွေက ဖောင်ဒေးရှင်းကို ဝိုင်းကူတဲ့အနေနဲ့ ပြည်သူကို Awareness ဖြစ်အောင် မီဒီယာနည်းလမ်းပေါင်းစုံနဲ့ ပံ့ပိုးဆောင်ရွက်ပေးကြရမှာပေါ့ကွာ။

"ကောင်းပါလေ့ကွာ၊ အတွင်းရေးမှူး(၁)ရဲ့ လမ်းညွှန်ချက်မှာ **'ကျေးလက်စာကြည့်တိုက်တွေ ပေါ်ပေါက်လာတာနဲ့အမျှ ကျေးလက်ပြည်သူတွေ အသိပညာဗဟုသုတ ပိုမိုမြင့်မားလာစေမှာဖြစ်တယ်၊ ပြည်သူတွေ အသိပညာ မြင့်မားလာတာနဲ့အမျှ ဒီမိုကရေစီကို အနှစ်သာရရှိရှိ၊ ခိုင်ခိုင်မာမာ ကျင့်သုံးနိုင်မှာဖြစ်တယ်၊ အနာဂတ်ကာလမှာ ကျေးရွာစာကြည့်တိုက်တွေကိုအခြေခံပြီး Internet စနစ်ချိတ်ဆက်ကာ Community Learning Center တွေအဖြစ် ဆောင်ရွက်ကြရမှာဖြစ်တယ်။ ဒါကြောင့် ကျေးရွာစာကြည့်တိုက်တွေ တည်ဆောက်ခြင်းဟာ အသိပညာမြင့်မားရေးသာမက ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးအတွက်ပါ အရေးကြီးတဲ့ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်တယ်'** လို့ ပါရှိတာတွေ့ရတယ်။"

"ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း ဖွဲ့စည်းတည်ထောင်မှုဟာ အလွန်မွန်မြတ်ပြီး တိုင်းကျိုးပြည်ပြု အမျိုးသားရေးလုပ်ငန်းကြီးဖြစ်တာမို့ စေတနာရှင်တွေရဲ့ လှူဒါန်းမှုကလည်း အဲဒီနေ့က အံ့မခန်းပဲဟေ့။ စစချင်းကို သိန်း ၇၀၀၀ကျော်တောင်ရတာ တွေ့ရတယ်၊ အဲဒီငွေကို ဘဏ်မှာ ငွေပဒေသာပင်အဖြစ် အပ်နှံပြီး နှစ်စဉ်အတိုးရရှိမယ့်ငွေနဲ့ ကျေးရွာစာကြည့်တိုက်တွေအတွက် လိုအပ်မယ့်စာအုပ်တွေ ဝယ်ယူဖြည့်ဆည်းပေးမယ်၊ အဆောက်အအုံနဲ့ ပရိဘောဂတွေ မတည်ထောက်ပံ့ပေးမယ်၊ ပြည်သူတွေ စာဖတ်ဝါသနာနဲ့ စာဖတ်အလေ့အထ ပြန့်ပွားစွဲမြဲ ခိုင်မာလာအောင် စာပေပညာရှင်တွေကို ကွင်းဆင်းပြီး ဟောပြောဆွေးနွေးစေမယ်၊ ပညာပေးစည်းရုံးမှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ဖို့ စီစဉ်ပံ့ပိုးပေးမယ်၊ စာကြည့်တိုက်များ စနစ်တကျ ထိန်းသိမ်းလည်ပတ်နိုင်အောင်လည်း ပညာရပ်ဆိုင်ရာတွေ ပံ့ပိုးပေးမယ်၊ ဖောင်ဒေးရှင်းရန်ပုံငွေ တိုးပွားလာအောင်လည်း ဆောင်ရွက်မယ်ဆိုတာ သိရတယ်။"

"အေးကွာ၊ ဒါကြောင့် ဖောင်ဒေးရှင်းလုပ်ငန်းတွေ အောင်မြင်ဖို့အတွက် တို့အားလုံးအပါအဝင် ပြည်သူတစ်ရပ်လုံးကလည်း အသိစိတ်ဓာတ်ရှိရှိနဲ့ ပါဝင်ကူညီ လုပ်ဆောင်ကြရမယ်လေ။ အထူးသဖြင့်တော့ မင်းတို့ စာပေစာနယ်ဇင်းအဖွဲ့ကြီးက စာပေစွမ်းအားတွေနဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိသမျှ ပါဝင်လုပ်ဆောင်ကြဖို့ အထူးလိုအပ်တယ်။"

"အေးပါ၊ တို့စာပေစာနယ်ဇင်း ဗဟိုအမှုဆောင်ကော်မတီသစ်ကလည်း အားထည့်ပြီး ကြိုးပမ်းသွားမှာပါ။"

(ဆက်လက်ဖော်ပြပါမည်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်ဆွေးနွေးပွဲ တက်ရောက်ရန် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟိုချီမင်းမြို့သို့ရောက်ရှိ

နေပြည်တော် ဇွန် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရအဖွဲ့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် ၂၀၁၀ခုနှစ် (၁၉)ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်ဆွေးနွေးပွဲသို့တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၅ရက် နံနက် ၁၀နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ရှိ Tan Son Nhat အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုးနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Nguyen Hanh တို့က လေယာဉ်ပေါ်သို့တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ကြိုဆို

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် လေယာဉ်ပေါ်မှ ဆင်းသက်လာရာ လေယာဉ်လှေကားထိပ်မှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီဒုတိယဥက္ကဋ္ဌ Mr. Nguyen Thanh Tai နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် အထူးယာဉ်တန်းဖြင့် ထွက်ခွာခဲ့ရာ ခေတ္တတည်းခိုမည့် ဟိုချီမင်းမြို့ရှိ Sheraton Saigon ဟိုတယ်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ရှိ Tan Son Nhat အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Nguyen Thanh Tai ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တရုတ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့

မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် ယဉ်ကျေးမှုပဒေသာကပွဲ ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ စစ်ဒေသမှူး General, Fan Changlong တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုပဒေသာကပွဲသို့ တက်ရောက်အားပေးချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ်(၆၀)ပြည့်အထိမ်းအမှတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုပဒေသာကပွဲကို ဇွန် ၅ရက် ည ၇နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်ရာ ယင်းကပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ စစ်ဒေသမှူး General, Fan Changlong၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်၊ Jinan Military Region Command မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ စစ်သံမှူး Senior Colonel ,Gao Tiejun နှင့် သံရုံးအဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံတမန်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

သီဆိုဖျော်ဖြေ

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အနုပညာရှင် ကိုယ်စားလှယ်အဖွဲ့က တေးသီချင်းများ၊ ပဒေသာအကများဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ဝန်ကြီးနှင့် သံအမတ်ကြီးတို့က အနုပညာရှင်များအား စင်မြင့်ပေါ်သို့ တက်ရောက်နှုတ်ဆက်ကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တရုတ်စစ်ဒေသမှူး၊ တိုင်းမှူး၊ ဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် အနုပညာရှင်များနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖူးမြော်ကြည်ညို

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ စစ်ဒေသမှူး General, Fan Changlong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၏ ဖိတ်ကြားချက်အရ ဇွန် ၅ရက် နံနက် ၁၁နာရီ မိနစ် ၅၀တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြပြီး မွန်းလွဲပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

တည်ခင်းဧည့်ခံ

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြရိပ်ညိုရှိုင်ရယ်ဟိုတယ် အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံသည်။ တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အစည်းအဝေး(၃၁/၂၀၁၀)ကျင်းပ

နေပြည်တော် ဇွန် ၇

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အစည်းအဝေး(၃၁/၂၀၁၀)ကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်များအား စိစစ်ခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ မဲဆန္ဒနယ်မြေသတ်မှတ်ခြင်း၊ မဲရုံနှင့် မဲပုံးအရေအတွက် ညှိနှိုင်းဆွေးနွေးခြင်းတို့ကိုဆောင်ရွက်ကြပြီး ကော်မရှင်ဥက္ကဋ္ဌဦးသိန်းစိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇွန် ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားသည့်အဖွဲ့များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်)သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ခုနှစ် ဇွန် ၇ ရက်တွင် နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့်ပြုလိုက်သည်။

စိစစ်ဆောင်ရွက်လျက်ရှိ

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ(၄၂)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ (၃၂)ပါတီအနက် ပါတီ(၃၁)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြိုဆို နှုတ်ဆက်

ဇွန် ၇ရက်က The Birthday of Her Majesty Queen Elizabeth II ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေအား ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး H.E. Mr. Andrew Richard Heyn ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျောင်းအပ်နှံရေး ရက်သတ္တပတ်အတွက် ငွေကျပ် သိန်း ၂၀၀လှူဒါန်း

နေပြည်တော် ဇွန် ၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၁၀-၂၀၁၁ ခု ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး ရက်သတ္တပတ် အခမ်းအနားကို မေ ၃၁ ရက်တွင် နေပြည်တော် ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ဝေဝေသင်း၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုး၊ ပြန်ကြားရေးရာဌာနကြီး ခေါင်းဆောင် ဒေါ်စိုးဝတ်ရည်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ခရိုင် ပညာရေးမှူး ဦးစိုးလှိုင်နှင့် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ဝေဝေသင်းက ရှင်းလင်းပြောကြားရာတွင် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ ကျောင်းသို့ ရောက်ရှိစေရေး ပြည်သူအားလုံးက ဆောင်ရွက်ပေးကြရမည်ဖြစ်သည့်အလျောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အနေဖြင့် နှစ်စဉ်နှစ်တိုင်း လှူဒါန်းမှုပြုခဲ့ကြောင်း၊ ယခုဖွင့်လှစ်မည့် ပညာသင်နှစ်အတွက် နေပြည်တော်နှင့် ရန်ကုန်တိုင်းအတွက် ငွေကျပ်သိန်း ၂၀စီ၊ ကျန်တိုင်းနှင့် ပြည်နယ်များ အတွက် ငွေကျပ် ၁၀သိန်းစီ စုစုပေါင်း ငွေကျပ် သိန်း ၂၀၀ လှူဒါန်းကြောင်းဖြင့် ပြောကြားသည်။

လက်ခံ

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ငွေကျပ်သိန်း ၂၀ကို ပေးအပ်လှူဒါန်းရာ နေပြည်တော် ခရိုင်ပညာရေးမှူး ဦးစိုးလှိုင်က **(အောက်ပုံ)** လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲအတွက် စာမူများဖိတ်ခေါ်

ရန်ကုန် ဇွန် ၇

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေလျက်ရှိသော ဒို့ကျေးရွာဂျာနယ်အတွက် ဝတ္ထုတိုစာမူပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ရေးသားယှဉ်ပြိုင်နိုင်

ဝတ္ထုတိုပြိုင်ပွဲတွင် ကျေးလက်အလှသဘာဝများ၊ ကျေးလက်ယဉ်ကျေးမှုဓလေ့များနှင့် ဘဝသရုပ်ဖော်အကြောင်းအရာများကို နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။ စာမူကို A4စာမျက်နှာဖြင့် ကွန်ပျူတာ လေးမျက်နှာ သို့မဟုတ် လက်နှိပ်စက် ငါးမျက်နှာ သို့မဟုတ် လက်ရေးဖြင့် ခြောက်မျက်နှာထက်မပိုဘဲ ရေးဖွဲ့နိုင်သည်။

စည်းကမ်းချက်

ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ရမည်။ စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ တစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်းနှင့် မိတ္တူတစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်သူသည် ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသား မှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအထ္ထုပ္ပတ္တိအကျဉ်းချုပ် ဖော်ပြပြီး မိမိကိုယ်တိုင် ရေးသားထားကြောင်းနှင့် ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်း မရှိကြောင်း ဝန်ခံချက်များပါရှိရမည်။ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုသုံးဆု ရွေးချယ်သွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ် ၅၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၃၀၀၀၀၊ တတိယဆု ငွေကျပ်၂၀၀၀၀ ချီးမြှင့်ပေးသွားမည် ဖြစ်သည်။ ဆုရရှိသူများစာရင်းကို နေ့စဉ်ထုတ်သတင်းစာများနှင့် ဒို့ကျေးရွာဂျာနယ်တွင် ထည့်သွင်းဖော်ပြပေးသွားမည် ဖြစ်သည်။

စာမူများပေးပို့နိုင်

ပြိုင်ပွဲဝင်ဝတ္ထုတိုများကို စာတည်းမှူး ဒို့ကျေးရွာဂျာနယ် အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆နှင့် ၃၇၁၃၄၂တို့သို့ စက်တင်ဘာ ၂၀ရက် ညနေ ၄နာရီနောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်ခဲ့တဲ့ ဆောက်သမ်းမြန်မာ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဇွန် ၇

၂၀၁၀ MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀)နောက်ဆုံးပွဲစဉ်ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းတွင် ကျင်းပရာ ဆောက်သမ်းမြန်မာအသင်းက ဒယ်လ်တာယူနိုက်တက်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိသွားပါတယ်။

ဆောက်သမ်းမြန်မာ - နှစ်ဂိုး။
ဒယ်လ်တာယူနိုက်တက် - ဂိုးမရှိ။

ဇေယျာရွှေမြေကို သရေ၊ မကွေးနဲ့ ရန်ကုန်ယူနိုင်တက်တို့ကိုရှုံးနိမ့်ပြီး သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေတဲ့ ဆောက်သမ်းမြန်မာအသင်းဟာ အခုပွဲမှာတော့ နိုင်ပွဲပြန်ရခဲ့ပါတယ်။ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားလို့လည်း ဆောက်သမ်းမြန်မာအသင်းဟာ အခုပွဲကိုသေချာပြင်ဆင်ကစားသွားခဲ့ပြီး အကောင်းဆုံးပုံစံနဲ့ကစားနိုင်ခဲ့လို့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဆောက်သမ်းမြန်မာအသင်းဟာ ပွဲချိန်တစ်လျှောက်လုံး ဟန်ချက်ညီညီနဲ့ကစားသွားနိုင်ခဲ့ပြီး မိနစ်၄၀ ကျော်တစ်ယောက်လျော့နဲ့ကစားခဲ့ရပေမယ့် အနိုင်ဂိုးတစ်ဂိုးထပ်သွင်းပြီး အနိုင်ရခဲ့တာ ဖြစ်ပါတယ်။

နစ်နာ

အဓိကကစားသမားခြောက်ဦး ဒဏ်ရာနဲ့ ပွဲပယ်ပြဿနာတွေရှိနေတဲ့ ဒယ်လ်တာယူနိုက်တက်အသင်းကတော့ အခုပွဲမှာ ခြေစွမ်းမပြနိုင်ခဲ့ပါဘူး။ ရှေ့တန်းမှာ နိုင်ငံခြားသား ကစားသမားတွေဖြစ်တဲ့ စတန်လေ၊ ဘစ်ဘာနဲ့ ဂေးလ်ဒက်စ်တို့ ခြေစွမ်းမပြနိုင်တာ ကြောင့်လည်း ဂိုးရဖို့ ရုန်းကန်ခဲ့ရပြီး ၅၁ မိနစ်မှာ စတန်လေ ခေါင်းတိုက်ဂိုးသွင်းကာ ဂိုးဝင်ပေမယ့် လူကျွံဘော ဖြစ်နေလို့ နစ်နာခဲ့ရပါတယ်။

ခြေစွမ်းပြနိုင်

ဆောက်သမ်းမြန်မာအသင်းကတော့ ပွဲစကတည်းက အချိတ်အဆက် မိမိနဲ့ ကစားနိုင်ခဲ့ပြီး ဆီတာ၊ အောင်ရဲထွဋ်နဲ့ ဘီဂျိမ်းထွေးတို့ အခုပွဲမှာ ခြေစွမ်းပြနိုင်ခဲ့ပါတယ်။ ၃၂ မိနစ်မှာ ဆောက်သမ်းမြန်မာအသင်း ဂိုးစရသွားပြီး အောင်ရဲထွဋ်ပေးတာကို ဆီတာက ပိတ်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ အဖွင့်ဂိုးရှင် ဆီတာဟာ ၄၈ မိနစ်မှာ လက်နဲ့ပုတ်ပြီး ဂိုးသွင်းဖို့ ကြိုးစားတာကြောင့် ဒုတိယအဝါပြခံရပြီး နှစ်ဝါတစ်နီနဲ့ အထုတ်ခံခဲ့ရပါတယ်။

ဆောက်သမ်းအသင်းဟာ တစ်ယောက်လျော့သွားပေမယ့် ကစားပုံပျက်မသွားဘဲ ပွဲကို ထိန်းထားနိုင်ခဲ့ပါတယ်။ ၆၉မိနစ်မှာ ဟန်ထွန်းရဲ့ ပေးပို့မှုကနေ အောင်ရဲထွဋ်က ခေါင်းတိုက်ပြီး ဒုတိယဂိုး သွင်းယူခဲ့ပါတယ်။ တစ်ယောက်အသာနဲ့ ကစားရပေမယ့် ဂိုးတွေမသွင်းနိုင်ခဲ့တဲ့ ဒယ်လ်တာအသင်းကတော့ စတုတ္ထနေရာရဖို့ အိပ်မက်တွေ ပျက်ပြယ်ခဲ့ရပြီး အဆင့်(၇)နေရာအထိ ဆင်းပေးခဲ့ရပါတယ်။ ။ **(မြန်မာ့အလင်း)**

ပွဲစဉ်(၁၀)အပြီး အသင်းများ၏ ရပ်တည်မှု							
အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဇေယျာရွှေမြေ	၉	၆	၂	၁	၁၆	၄	၂၀
ကမ္ဘောဇ	၁၀	၆	၂	၂	၁၄	၆	၂၀
ရတနာပုံ	၉	၅	၃	၁	၁၇	၆	၁၈
ရန်ကုန်ယူနိုက်တက်	၉	၄	၃	၂	၁၉	၅	၁၅
ဆောက်သမ်းမြန်မာ	၉	၄	၂	၃	၁၅	၁၅	၁၄
မကွေး	၉	၄	၂	၃	၁၄	၁၆	၁၄
ဒယ်လ်တာယူနိုက်တက်	၉	၄	၁	၄	၁၁	၁၁	၁၃
ဥသာယူနိုက်တက်	၉	၄	၁	၄	၉	၉	၁၃
မနောမြေ	၉	၃	၁	၅	၁၂	၂၁	၁၀
နေပြည်တော်	၉	၁	၁	၇	၁၁	၁၆	၄
ဇွဲကပင်ယူနိုက်တက်	၉	-	-	၉	-	၂၉	-

ဒယ်လ်တာ တိုက်စစ်မှူး စတန်လေ ဤသို့ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးစားခဲ့သော်လည်း....။

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် မေ ၇

<u>**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ**</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းတွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရန်ကုန်တိုင်းတွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရန်ကုန်(မင်္ဂလာဒုံ)တွင်၄ဒသမ ၁၄ လက်မ၊ရန်ကုန်(မြို့လယ်)တွင်၄ဒသမ၁၀လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၃ ဒသမ ၉၄ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၂၈ လက်မနှင့် ဘားအံမြို့တွင် ၂ ဒသမ ၀၉ လက်မတို့ ဖြစ်ကြသည်။

<u>**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ**</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

<u>**ဇွန် ၈ ရက် ညနေအထိခန့်မှန်းချက်မှာ**</u> ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>**မြန်မာ့ပင်လယ်ပြင်တွင်**</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ**</u> မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းမည်။

<u>**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်**</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်**</u> မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်**</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

အုပ်စု (င) နှင့် အုပ်စု (စ) တို့မှ ကစားသမားများစာရင်း

➢ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➢ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ကိတ်ဖ်တောင်း ဇွန် ၇

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပတော့မည်ဖြစ်ရာ ဘောလုံးအသင်းအသီးသီးက နောက်ဆုံးကစားသမား ၂၃ဦးစာရင်းကို ထုတ်ပြန်ထားသဖြင့် ယင်းကစားသမားစာရင်းများအနက် အုပ်စု(င)နှင့် အုပ်စု(စ)တို့၌ ပါဝင်သည့် ဘောလုံးအသင်းများ၏ ကစားသမားများ စာရင်းကို ဖော်ပြလိုက်ရပါသည်-

အုပ်စု (င)

ကင်မရွန်းအသင်း

ဂိုး - ရိုလန်(ဗလင်စီနက်စ်)၊ ကာမီနီ(အက်စ်ပန်ညို)၊ ဟာမီဒူ(ကာစီးရက်စ်ပေါ)

နောက်တန်း - အီကိုတို(စပါး)၊ ဘက်ဆွန်(စပါး)၊ ဂါတန်ဘွန်(ဗလင်စီနက်စ်)၊ ချက်ကူ(လိုင်လီ)၊ ဂီရီမီ(အင်ကာရာဂူကူ)၊ အင်ကူလူ(မိုနာကို)၊ ရီဂိုဘတ်(တိရက်ဇွန်)

အလယ်တန်း - အီမာရာ(ရီရဲဘက်တစ်)၊ အီယောင်(အေဂျက်စ်)၊ မာကွန်(လိုင်ယွန်)၊ မင်ဂျက်ဒ်(ကိုင်ဆာစလော့တန်)၊ မာတစ်(ရှော်လ်ကေး)၊ နူအီမို(ဆဲလ်တစ်)၊ အလက်ဇန္ဒားဆောင်း(အာဆင်နယ်)

ရှေ့တန်း - အဘူဘာကာ(ကိုတန်)၊ အီရစ်(နူရင်ဘတ်)၊ အမ်ဘီရာ(မာဆေးလ်)၊ အီတူး(အင်တာမီလန်)၊ အီဒရစ်ဆို(ဖရီဘတ်)၊ ဝီဘို(မာလော့ကာ)တို့ ဖြစ်ကြသည်။

ဒိန်းမတ်အသင်း

ဂိုး - ဆိုရင်ဆင်(စတုတ်)၊ အင်ဒါဆင်(ဘရွန်ဘိုင်)၊ ခရစ်စတင်း(ကိုပင်ဟေဂင်)

နောက်တန်း - ကေဗစ်(ကိုပင်ဟေဂင်)၊ ဆိုင်မွန်ကေဂျာ(ပါလာမို)၊ ဂျာကိုဆင်(ဘလက်ဘန်း)၊ ကလိုဒပ်(ဖီအိုရင်တီးနား)၊ အက်ဂါ(လီဗာပူး)၊ အမ်တစ်လီဂါ(မာလာဂါ)၊ ပေါလ်ဆင်(အယ်လ်ခမာ)

အလယ်တန်း - ဂျော်ဂင်ဆင်(အာဟက်စ်)၊ ခရစ်စတင်းပေါလ်ဆင်(ဂျူဗင်းတပ်စ်)၊ ဂျာကော့ဘ်(အာဟက်စ်)၊ ဒင်းနစ်(အေဂျက်စ်)၊ ခါလန်ဘတ် (ဝုဖ်ဘတ်ဂ်)၊ သောမတ်စ်(ဂရိုနင်ဂျင်)၊ အီရစ်ဆင်(အေဂျက်စ်)၊ ဘက်မင်း(ရန်ဒါ)၊ ဂျန်ဆင်(ဝါဒါဘရီမင်)၊ ဂရန်ချာ(ကိုပင်ဟေဂင်)

ရှေ့တန်း - သောမတ်ဆင်(ဖေယင်နူ)၊ လာဆင်(တိုလုစ်)၊ ဘင့်တနာ(အာဆင်နယ်)တို့ ဖြစ်ကြသည်။

နယ်သာလန်အသင်း

ဂိုး - စတီကီလင်ဘတ်(အေဂျက်ဇ်)၊ ဘော့ချာကာ(တွမ်တီ)၊ မိုက်ကယ်ဘွမ်(အူဒရစ်)

နောက်တန်း - ခါလစ်(စတုဂတ်)၊ ဘရာဖီလ်(ဆဲလ်တစ်)၊ ဂီရိုဗာနီ(ဖေယင်နူ)၊ ဟေတင်ဂါ(အဲဗာတန်)၊ မက်သီဆင်(အိတ်ချ်အက်စ်ဗွီ)၊ ဗန်ဒါဝီ(အေဂျက်ဇ်)၊ အော်ရီဂျာ(ပီအက်စ်ဗွီ)

အလယ်တန်း - ဘွမ်မဲလ်(ဘိုင်ယန်မြူးနစ်)၊ ဒေဂျွန်(မန်စီးတီး)၊ စချာရာ(အေဇက်စ်)၊ စနိုက်ဒါ(အင်တာမီလန်)၊ ဗန်ဒါဗတ်(ရီရဲမက်ဒရစ်)၊ ဒီဇီယူ(အေဂျက်ဇ်)၊ အက်ဖီလီ(ပီအက်စ်ဗွီ)

ရှေ့တန်း - ဒရက်ကွတ်(လီဗာပူး)၊ အီလီရာ(အိပ်ချ်အက်စ်ဗွီ)၊ ဘာဘယ်(လီဗာပူး)၊ ဟန်တယ်လာ(အေစီမီလန်)၊ ဗန်ပါစီ(အာဆင်နယ်)၊ ရော်ဘင် (ဘိုင်ယန်မြူးနစ်)တို့ ဖြစ်ကြသည်။

ဂျပန်အသင်း

ဂိုး - နာရာဇာကီ(နာဂိုယာ)၊ ကဝါရှီးမား(ကဝါဆာကီ)၊ ကဝါရူချီ(ဂျူဘီလို)

နောက်တန်း - နာကာဇာဝါ(ယိုကိုဟားမား)၊ တူလီရိုတာနာကာ(နာဂိုယာ)၊ ကိုမာနို (ဂျူဘီလို)၊ အီဝါမာဆာ(ကာရှီးမား)၊ ကိုနို(အက်ဖ်စီတိုကျို)၊ အူချီဒါ(ကာရှီးမား)

အလယ်တန်း - နာကာမူရာ(ယိုကိုဟားမား)၊ အင်ဒို(ဂင်ဘာအိုဆာကာ)၊ နာကာမူရာ(ကာဝါဇာကီ)၊ အီနာမိုတို(ကာဝါဇာကီ)၊ ယူကီအာဘေး(ဒူရာဝါ)၊ မာကိုတို(ဝုဖ်ဘတ်ဂ်)၊ ဟွန်ဒါ(စီအက်စ်ကေအေ)၊ မက်ဆူရီ(ဂရင်းနိုဘယ်)

ရှေ့တန်း - အိုကာဇာကီ(ရှီမီဇူ)၊ တာမာဒါ(နာဂိုယာ)၊ အိုကူဘို(ကိုဘေး)၊ ယာနို(နီဂါတာ)၊ မိုရီမိုတို(ကာတာနီးယား)တို့ ဖြစ်ကြသည်။

အုပ်စု (စ)

အီတလီအသင်း

ဂိုး - ဘတ်ဖွန်း(ဂျူဗင်းတပ်စ်)၊ ဆန်တစ်(နာပိုလီ)၊ မာချက်တီ(ကာဂလီယာရီ)

နောက်တန်း - ဘောချီတီ(ဂျီနိုအာ)၊ လီယိုနာဒို(ဘာရီ)၊ ကင်နာဗာရိုး(ဂျူဗင်းတပ်စ်)၊ ချီလီနီ(ဂျူဗင်းတပ်စ်)၊ ဘရစ်စီတို(ဂျီနိုအာ)၊ မာဂီရို(နာပိုလီ)၊ ဇမ်ဘရော့တာ(အေစီမီလန်)

အလယ်တန်း - ကာမိုရာစီနီ(ဂျူဗင်းတပ်စ်)၊ ရော့စီ(ရိုးမား)၊ ဂတ်တူဆို(အေစီမီလန်)၊ မာချေစီရို(ဂျူဗင်းတပ်စ်)၊ မွန်တိုလီဗို(ဖီအိုရင်တီးနား)၊ ပါလွန်ဘို(ဆမ်ဒိုးရီးယား)၊ ပီပီ(အူဒီးနိစ်)၊ ပီယာလို(အေစီမီလန်)

ရှေ့တန်း - နာတာလီ(အူဒီးနိစ်)၊ ဂီလာဒီနို(ဖီအိုရင်တီးနား)၊ အီယာကွင်တာ (ဂျူဗင်းတပ်စ်)၊ ပါဇီနီ(ဆမ်ဒိုးရီးယား)၊ ဖာဘီရို(နာပိုလီ)တို့ ဖြစ်ကြသည်။

နယူးဇီလန်အသင်း

ဂိုး - ဘင်နာတိုင်(ဝယ်လင်တန်)၊ ဂလန်မို့စ်(မဲလ်ဘုန်း)၊ ပါစတန်(ဖိုးနစ်)

နောက်တန်း - ဘိုယန်(နယူးယောက်ရက်ဆဲလ်)၊ တိုနီ(ဖိုးနစ်)၊ နယ်လ်ဆင်(ဘလက်ဘန်း)၊ ဝင်စတန်(မက်တေလန်)၊ ဘင်စီမန့်(ဖိုးနစ်)၊ စမစ်(အစ်ဆွစ်)၊ ဗီစီလစ်(အော့ကလန်)

အလယ်တန်း - ဘာရွန်(ဝယ်လင်တန်)၊ ဘာတို့စ်(ဝယ်လင်တန်)၊ တင်ဘရွန်း(ဖိုးနစ်)၊ ခရစ်စတီး(တမ်ပါဘေး)၊ ကလာဖန်(ကင်တာဘိုင်)၊ အီလော့(အင်တာချက်)၊ မက်ဂလင်ချေ(မိုသမ်ဝဲလ်)၊ မူလာဂန်(အင်တာချက်)

ရှေ့တန်း - ဘရော့ကီ(နယူးကာဆယ်)၊ ဖာလွန်(ပလိုင်းမောက်)၊ ခရစ်ကီလန်(မစ်ဒယ်ဘရော့)၊ စမိုက်(ဂိုးလ်ကော့)၊ ခရစ်ဝုဒ်(ဝက်စ်ဘရွန်း)တို့ ဖြစ်ကြသည်။

ပါရာဂွေးအသင်း

ဂိုး - ဂျူကိုဗီလာ(ဗယ်လာဒိုလစ်)၊ ဘိုဘာဒီလာ(ဒီပို့တီဗို)၊ ဘာရီတို(ပေါ်တီနို)

နောက်တန်း - ရိုဒရီကွက်ဇ်(ဘိုကာဂျူနီယာ)၊ ကာနီဇာ(လီရွန်)၊ ဒါဆေးလ်ဗား(ဆန်းဒါးလန်း)၊ ဗာရွန်(ပူမက်စ်)၊ ကာစီးယပ်စ်(အက်သလက်တီကို)၊ ဘိုနက်(အိုလံပီယာ)၊ အော်ရီလီရာနို(အယ်လ်မာရီ)၊ အယ်ကာရက်ဇ်(ဘရူဂတ်စ်)

အလယ်တန်း - ဘာရီလို(အတ္တလန်တာ)၊ ရီဗာရော့စ်(ခရုဇ်အေဇူလ်)၊ ကာစီးယပ်စ် (လီဘာတက်စ်)၊ ဗီရာ(ဒီပိုတီဗာ)၊ ဆန်တာနာ(ဝုဖ်ဘတ်ဂ်)၊ အော်တီရိုဇာ(အာဂျင်တီနို့စ်)

ရှေ့တန်း - ဆန်တာခရုဇ်(မန်စီးတီး)၊ ဗာလ်ဒက်ဇ်(ဒေါ့တ်မွန်)၊ ကာဒိုဇို(ဘင်ဖီကာ)၊ ဘင်နီတက်ဇ်(တိုလူကာ)၊ လူကပ်စ်(ဒေါ့တ်မွန်)၊ ဂါမာရာ(လီဘာတက်စ်)တို့ ဖြစ်ကြသည်။

ဆလိုဗက်ကီးယားအသင်း

ဂိုး - ဂျန်မူချာ(လီဂီရာ)၊ ဒူဆန်(ဗာစလူ)၊ ပီမစ်(ဒွန်ဒီ)

နောက်တန်း - ပီကာရစ်(ဝုဖ်ဘတ်ဂ်)၊ ပီတရက်စ်(စီဆင်နာ)၊ မာတင်(လီဗာပူး)၊ ဒူရီကာ(ဟန်နိုဗာ)၊ ဇာဘာဗင့်ခ်(မိန္ဒဇ်)၊ မက်ချက်ချ်(ဝက်စ်ဘရွန်း)၊ ဆာလာတီ(ဆလိုဗင်)

အလယ်တန်း - ကာမဲလ်(စပါးတပ်)၊ ဂျန်ကိုဇက်(တီမီဆိုရာ)၊ ကူကာ(စပါးတပ်)၊ စပါရာ(အင်ကာရာဂူကူ)၊ ဟမ်ဆစ်(နာပိုလီ)၊ ဝီအစ်(မန်စီးတီး)၊ စကော့ချန်(ချယ်လ်ဆီး)၊ စတီကာ(ဆင်တီ)

ရှေ့တန်း - ဂျန်ဒရီဆက်(ရှော်လ်ကေး)၊ ရိုဘာဘတ်(အင်ကာရာဂူကူ)၊ ဂျာကူဘီကို(စတမ်းမော်စကို)၊ ဟိုလော့ကို(ဘတ်တစ်)၊ ဆက်တစ်(ဘိုချန်)တို့ ဖြစ်ကြသည်။ ။

ကိုးကား-အင်တာနက်

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ မြဝတီ၌ကျင်းပ

မြဝတီ ဇွန် ၇

မြဝတီခရိုင် မြဝတီမြို့နယ် ၂၀၁၀-၂၀၁၁ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၈ရက်က အထက မြဝတီခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ မိဘပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

လှူဒါန်း

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော ဗလာစာအုပ်ဒါဇင် ၅၀၀ကို ခရိုင်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်မြမြသီက လက်ခံယူပြီး **(အပေါ်ပုံ)** အလှူရှင်များ လှူဒါန်းသော အလှူငွေကျပ် ၂၅သိန်းကို တာဝန်ရှိသူများက လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက ကျောင်းသား ကျောင်းသူ ၂၈ဦးအတွက် ငွေကျပ် ၂၁၂၄၀၀ တန်ဖိုးရှိ စာရေးကိရိယာများကို ကျောင်းသား ကျောင်းသူတစ်ဦးချင်းထံ ပေးအပ်စဉ်။ (၁၂၇)

စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်ပွဲ ပြည်မြို့၌ကျင်းပ

ပြည် ဇွန် ၇

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ်တွင် နှစ်စဉ်စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲအခမ်းအနားကို ပြည်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မေ ၁၇ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး စီမံကိန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်ဇင်ဦးက ၂၀၀၉-၂၀၁၀ စီမံကိန်းရည်မှန်းချက်တာဝန်များအပေါ် အကောင် အထည်ဖော်နိုင်မှုနှင့် ၂၀၁၀-၂၀၁၁ စီမံကိန်းရည်မှန်းချက်တာဝန်များ ရှင်းလင်း ဆွေးနွေးသည်။ ထို့နောက် သက်ဆိုင်ရာဌာနများနှင့် ကျေးရွာအုပ်စုများသို့ ရည်မှန်း ချက်တာဝန်များ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ဇွန် ၅ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်အနောက် ရပ်ကွက် မိုးကောင်းလျှပ်စစ်အောက်ဝင်း၊ တိုးချဲ့ဝင်း၊ အမှတ်(၂)သစ်စက်ဝန်ထမ်း လိုင်းခန်းနေအိမ်များအတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နှိမ်နင်းခြင်းအတွက် ရေမြောင်းများ တူးဖော်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးမြင့်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ရင်ခုန်ခံစားကမ္ဘာ့ဖလား ဖွင့်ဟသူတို့စကားသံ

➢ အမေး အရေး - မောင်မောင်မြင့်ဆွေ ➢ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) ➢ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၇

ကမ္ဘာတစ်ဝန်းမှ ပရိသတ်များက ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကြည့်ရှုရန် ပြင်ဆင်နေကြပေပြီ။ ဇွန် ၁၁ရက်၌ စတင်ကျင်းပမည့် ဘောလုံးပွဲများမှစကာ ပွဲစဉ်တိုင်းမလွတ်တမ်း ကြည့်ရှုအားပေးရန် စောင့်မျှော်နေကြပြီဖြစ်သည်။

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအပေါ် အလွှာမျိုးစုံမှ ပရိသတ်များ၏ထင်မြင်ချက်၊ ဖွင့်ဟချက်များကို မြန်မာ့အလင်းသတင်းအဖွဲ့က ကွင်းဆင်း တွေ့ဆုံမေးမြန်းခဲ့မှုကို ဖော်ပြရပါလျှင် -

ဦးမြင့်ကြူး

(ဆောက်သမ်းမြန်မာဘောလုံးအသင်းအုပ်ချုပ်သူ)

"ဒီကမ္ဘာ့ဖလားပွဲမှာတော့ စပိန်ကို အကြိုက်ဆုံးပါပဲ။ အင်္ဂလန်လည်း ကော်ကောင်ဖြစ်နိုင်တယ်။ စပိန်ကို ကြိုက်တာက ကစားအားကောင်းပြီး ခြေမှန်လို့ပါပဲ။ ခြေမှန်ဖို့လည်း အထူးလိုအပ်ပါတယ်။ ဒါ့အပြင် ဘရာဇီး၊ အာဂျင်တီးနားတို့လည်း ကမ္ဘာ့ဖလားမှန်းနိုင်တဲ့ အသင်းတွေဖြစ်ပါတယ်။ အားရမှုတော့မရှိပါဘူး။ အာဖရိက အသင်းတွေအနေနဲ့ကတော့ အမြင့်ဆုံး ကွာတားဖိုင်နယ်အဆင့်ပါပဲလို့ထင်ပါတယ်။ အာရှအသင်းတွေထဲမှာတော့ ဂျပန်အသင်းဟာ အမြင့်ဆုံးကွာတားအထိ မှန်းနိုင်မယ်လို့ ယူဆပါတယ်"

အကယ်ဒမီအောင်ခိုင်

(ရုပ်ရှင်သရုပ်ဆောင်)

"ကျွန်တော်အကြိုက်ဆုံး အသင်းတွေကတော့ အင်္ဂလန်၊ အာဂျင်တီးနားနဲ့ ဂျာမနီအသင်းတွေပါပဲ။ အင်္ဂလန်အသင်းရဲ့ စုစည်းမှုကို သဘောကျသလို နည်းပြ ကာပယ်လိုရဲ့ ဗျူဟာအခင်းအကျင်းနဲ့ ဆုံးဖြတ်ချက်ပြတ်သားမှုကို နှစ်သက်တယ်။ ဒီနှစ်ကမ္ဘာ့ဖလားကို အင်္ဂလန်အသင်းများ ရယူသွားနိုင်မလားလို့ ထင်မိပါတယ်။ လေးနှစ်တစ်ကြိမ်ကျင်းပတဲ့ ကမ္ဘာ့ဖလားဘောလုံးပွဲကို ပွဲတိုင်းကြည့်ရှုအားပေးသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်"

ကိုမျိုးမင်းခိုင်

(ဂျာနယ်လက်ပွေ့ရောင်းသူ)

"ဒီကမ္ဘာ့ဖလားပွဲမှာတော့ အင်္ဂလန်အသင်းကို အကြိုက်ဆုံးပါပဲ။ ကစားသမား တစ်ဦးချင်းစီမှာ ကိုယ်ပိုင်အရည်အသွေးတွေ ပြည့်ဝနေလို့ဖြစ်ပါတယ်။ အင်္ဂလန်အသင်း ကစားတဲ့ ခြေစမ်းပွဲတွေကို ပွဲတိုင်းကြည့်ရှုခဲ့ပြီးဖြစ်လို့ သဘောကျတာပါ။ ကျန်တဲ့ အသင်းတွေထဲမှာတော့ စပိန်အသင်းကို အားရတယ်။ သူတို့က လူညီတယ်။ အသင်းလိုက်ကစားအားကောင်းတယ်။ ကမ္ဘာ့ဖလားဘောလုံးပွဲမှာ ပွဲစဉ်အတော်များများကြည့်မယ်လို့ ဆုံးဖြတ်ထားပါတယ်"

ဒေါက်တာဒေါ်ချိုချိုသွင်

(ကထိက၊ ပထဝီဝင်ဌာန)

"ဒီကမ္ဘာ့ဖလားပွဲမှာ တချို့ပွဲတွေတော့ ကြည့်ဖြစ်မှာပါ။ အကြိုက်ဆုံးက အင်္ဂလန်အသင်းပါပဲ။ ဘောလုံးသမားတွေနဲ့လည်း ရင်းနှီးမှုရှိသလို ခံစားရတယ်။ အားလုံးလည်း ကမ္ဘာ့ဖလားရယူဖို့ စိတ်အားထက်သန်နေကြတယ်။ နောက်ပြီး ရွန်နေကို ရွှေဖိနပ်ဆုရစေချင်ပါတယ်။ တကယ်ထိုက်တန်တဲ့ဘောလုံးသမားဖြစ်လို့ပါပဲ"

ကိုမြင့်စိုး

(ဒဂုံမြို့နယ်၊ ပဲခူးကလပ်ဂိတ်၊ အနေးယာဉ်လုပ်သား)

"ကမ္ဘာ့ဖလားဘောလုံးပွဲကို ကြည့်ချင်လှပြီဗျာ။ ပွဲတိုင်းမလွတ်တမ်းကြည့်ဖို့တော့ စဉ်းစားထားတယ်။ ကျွန်တော့်အကြိုက်ကတော့ စပိန်အသင်းပါပဲ။ စပိန်အသင်းဟာ လူညီတယ်။ ခြေစွာတယ်။ နေရာစုံမှာ ဟာကွက်၊ ပျော့ကွက်မရှိဘူး၊ ခြေစမ်းပွဲရလဒ်တွေကလည်း အပိုစားပါ။ လူငယ်တွေများတာမို့ ကစားကွက်လည်းမြန်တယ်။ စပိန်အသင်းကိုပဲ အားပေးသွားမယ်"

မြမျက်သွယ်အောင်

(တတိယနှစ်၊ သတင်းအတတ်ပညာ)

"သမီးကတော့ ဘရာဇီးအသင်းကို သဘောကျတယ်။ ဘရာဇီးအသင်းဟာ ကမ္ဘာ့ဖလားကို အကြိမ်ကြိမ်ရယူခဲ့ဖူးတဲ့အသင်းဖြစ်ပါတယ်။ ခြေစစ်ပွဲနဲ့ ခြေစမ်းပွဲတွေမှာ ရလဒ်တွေဘယ်လိုပဲရှိရှိ တကယ်တမ်းပြိုင်ပွဲဝင်တဲ့အခါ ဘရာဇီးရဲ့ခြေစွမ်းက အံ့မခန်း တွေ့မြင်ကြရစမြဲပါပဲ။ ဘရာဇီးအသင်းရဲ့ ကစားသမားတွေက အတွေ့အကြုံများတဲ့သူတွေ၊ ထိပ်တန်းကလပ်တွေမှာ ကစားနေကြသူတွေမို့ ဘရာဇီးအသင်းပဲ ကမ္ဘာ့ဖလား ဆွတ်ခူးသွားမယ်လို့ ယူဆပါတယ်။ ဘရာဇီးအသင်းကစားတဲ့ပွဲတိုင်း သမီးကြည့်ဖြစ်မှာပါ"

ကိုအောင်နိုင်လင်း

(ရန်ကုန်-ဝါးခယ်မ သင်္ဘောသား)

"ဘယ်သူတွေ ဘယ်လိုပြောပြော အင်္ဂလန်ကို အားပေးမယ်။ အင်္ဂလန်အသင်းကို ကမ္ဘာ့ဖလားရရှိစေချင်ပါပြီ။ လူကောင်းတွေ၊ နာမည်ကျော်ဘောလုံးသမားတွေများများရှိနေတဲ့ အင်္ဂလန်အသင်းဟာ ကမ္ဘာ့ဖလားနဲ့ထိုက်တန်နေပြီလို့ ယူဆပါတယ်။ ရွှေဖိနပ်ဆုကတော့ ရွန်နေ ရရှိလိမ့်မယ်လို့မှန်းထားတယ်။ ရွန်နေ ခြေပေါ်ရင် တစ်ပွဲကို နှစ်ဂိုးလောက် သွင်းယူဖို့ မခက်ခဲပါဘူး။ ပွဲတိုင်းမကြည့်နိုင်ပေမယ့် ကြိုက်နှစ်သက်တဲ့ပွဲတွေကိုတော့ ကြည့်သွားမှာပါ"

မောင်မျိုးမင်းဟိန်း

(တတိယနှစ်၊ သတင်းအတတ်ပညာ)

"ဘရာဇီးက ဘောလုံးသမားတစ်ဦးဦးဟာ ရွှေဖိနပ်ဆုရနိုင်တယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘရာဇီးအသင်းဟာ ကမ္ဘာ့ဖလားပွဲတိုင်းမှာ နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့တာများတယ်။ ပွဲလည်းများများကစားရတာမို့ ရွှေဖိနပ်ဆုအခွင့်အရေးဟာ ဘရာဇီးဘောလုံးသမားတွေထဲက ဖြစ်သွားနိုင်တယ်လို့ ထင်ပါတယ်။ ကြိုက်တဲ့ပွဲတွေကို ရွေးပြီး ကြည့်ရှုဖြစ်မှာပါ" ဟု ဖြေကြားသွားခဲ့ပါကြောင်း။ ။

(မြန်မာ့အလင်း)

ငါးသယံဇာတ ထိန်းသိမ်းရေး မြန်အောင်၌ ဟောပြော

မြန်အောင် ဇွန် ၇

ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိန်သောင်း၊ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးမြင့်နိုင်နှင့် ဝန်ထမ်းများ မေ ၂၄ ရက်က မြန်အောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမတွင် မြစ်ကျိုးအုပ်စု၊ နတ်ပတီး၊ မြို့မတဲကြီးကုန်းအုပ်စုတွင်းရှိ ရေလုပ်သားများနှင့် ငါးပုစွန်အဝယ်ဒိုင်များ၊ အင်းလုပ်ငန်းရှင်များတို့ကို ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် ငါးရစ်၊ ငါးသန်ကာလဖြစ်သော မေ၊ ဇွန်၊ ဇူလိုင်လများတွင် ငါးရစ်၊ ငါးသန်များအား ဖမ်းဆီးခြင်းမပြုလုပ်ရန်နှင့် ဘက်ထရီရှော့တိုက်ငါးဖမ်းခြင်း၊ အဆိပ်ချငါးဖမ်းခြင်းတို့ကို မပြုလုပ်ရန်အတွက် လည်းကောင်း ဦးစီးဌာနမှ တားမြစ်ထားသော အရွယ်မမီသည့် ဂဏန်း၊ ငါးရှဉ့်၊ ငါးသလောက်ပေါက်များကို ဖမ်းဆီးခြင်းမပြုလုပ်ရန်နှင့် ဦးစီးဌာနက တားမြစ်ထားသည့် ငါးဖမ်းနည်းစနစ်၊ ငါးဖမ်းပိုက်ကွက်များ တားမြစ်ထားသည့်အချိန်ကာလများအတွင်း ငါးဖမ်းဆီးခြင်းမပြု လုပ်ကြရေး အသိပညာပေး ဟောပြောကြသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ကော့သောင်းတွင် ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပ

ကော့သောင်း ဇွန် ၇

ကော့သောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမတွင် မေ ၂၈ရက်က မြို့နယ်လုံးကျွတ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပြောကြား

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံ့မော်က အဖွင့်အမှာစကားပြောကြားပြီး ယာယီမြို့နယ်ပညာရေးမှူး ဒေါ်မိမိရီက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးခင်လတ်ကြီး၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံ့မော် **(အပေါ်ပုံ)**နှင့်တာဝန်ရှိသူများက ချို့တဲ့ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်၊ ကျောင်းသုံးပစ္စည်းနှင့် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းသည်။

(ခရိုင် ပြန်/ဆက်)

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သော မြို့ပြလမ်းဖြစ်သည့် အမှတ်(၃)ရပ်ကွက် ဒေါနလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ကိုနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးထွန်းနိုင်(ခ)ဦးမိုင်း(M.D, City Green Jade Co.,Ltd.)-
ဒေါ်ခင်ဝင်းငွေ(ခ)မချို (Director, City Green Jade Co.,Ltd.)တို့၏သားကြီး

ဒေါက်တာဝဏ္ဏထွန်း

M.B.,B.S (Ygn)

နှင့်

ရန်ကုန်မြို့နေ ဦးအောင်ကြည်-ဒေါ်လှိုင်၊ (ဦးလုပ်ရ)-ဒေါ်ကျင်ကီးတို့၏မြေး
ဦးဝင်းအောင်(ခ)ဦးပြုံးချို (M.D, Myanmar King Fish Ltd.)
(Director, Gold Delta Co.,Ltd.)-ဒေါ်ယဉ်ယဉ်အေး
(Director, Myanmar King Fish Ltd.)တို့၏ တစ်ဦးတည်းသောသမီး

မသင်းအေးအောင်

B.S (Biochemistry)
University of California, Los Angeles (UCLA)

တို့၏ ၁-၆-၂၀၁၀ရက်တွင် Traders Hotel ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော အင်းစိန်မြို့နယ် တရားသူကြီးဦးတင်ဦးအားလည်းကောင်း၊ ၅-၆-၂၀၁၀ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပခဲ့သော မင်္ဂလာညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးတင်နိုင်သိန်း၏ဇနီး ဒေါ်အေးအေး၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော United Point Group Co.,Ltd. ဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့်ဇနီး ဒေါ်ရီရီအေး၊ မင်္ဂလာအခမ်းအနားမှူး မတင်မိုးလွင်၊ ရှေ့လျှောက် မောင်သန့်ဇင်နိုင်၊မင်္ဂလာပန်းကြဲပေးသော မရွှေရည်ဝင်းလှိုင်၊ မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးသော မခိုင်ခိုင်စိုး၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော Forever, Memory နှင့် Designer မေဟွား၊ မင်္ဂလာလက်ကိုင်ပန်းဆင်မြန်းပေးသော Eternal Floral Shop မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးပေးသော ဒီဇင်ဘာနှင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ တေးဂီတနှင့်ဖျော်ဖြေပေးပါသော ZMG အဖွဲ့၊ မင်္ဂလာအခမ်းအနားစီစဉ်ပေးသော ရတနာမြိုင်တေးသံသွင်းမှ ကိုချန်ဟိန်း၊ Vinyl အလှပုံများ မေတ္တာဖြင့်ဆောင်ရွက်ပေးသော လှျပ်တစ်ပြက်၊ Art Man Media မှ ကိုအောင်ကျော်ဦးနှင့် မဂီ၊ ဘောလုံးအလှဆင် ကိုဘိုဘို၊ လက်ဝတ်ရတနာ ဆင်မြန်းပေးသော Diamond Queen မှ ဒေါ်မြမြအေး၊ မင်္ဂလာလက်ဆောင်ကမ်းသောပစ္စည်းများကို စီစဉ်ပေးသော ဆန်းသစ်အောင် Fancy 'Shop ၊ မင်္ဂလာအလှဓာတ်ပုံများကို ရိုက်ကူးပေးသော Malaysia မှ Touch Bridal Gallery ၊ မင်္ဂလာဖိတ်စာပြင်ဆင်ပေးသော ဒဂုန်ပုံနှိပ်တိုက်၊ Sedona Hotel မှ မလီလီ၊ ကိုနေဝင်းနှင့်ဝန်ထမ်းများအားလုံး၊ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများအားလုံး၊ အဘက်ဘက်မှဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာဝဏ္ဏထွန်း-မသင်းအေးအောင်။

ဆိုင်ခန်း ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

အမျိုးသမီးဝတ် Ready Made
အသစ်အဆန်းများကိုသာရောင်းချလျက်ရှိသော

ရွှေပင်ဆောင် (၁ ၊ ၂ ၊ ၃)

Perfect Lady Fashion အထည်ဆိုင်များကို
ယုဇနပလာဇာ ဝင်ပေါက် (၁၆) ၊ မြေညီထပ်၊
P- 29 ၊ 30သို့ ပြောင်းရွှေ့ ဖွင့်လှစ်ထားပါသည် ။

"မိတ်ဟောင်းမိတ်သစ်များအားလေးစားစွာကြိုဆိုလျက်"

ရွှေပင်ဆောင် - မိသားစု

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၁ ရက်က ကျင်းပရာ ရန်ကင်းပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးမြကျော်က အဖွင့်အမှာစကားပြောကြားစဉ်။ (၁၇၀)



မေ ၃၀ ရက်က ပဲခူးတိုင်း ကဝမြို့နယ် ပိုင်ကျုံကြီးကျေးရွာ အလင်းစေတမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ညိုပြာနှင့်စာကြည့်တိုက်အဆောက်အအုံ အလှူရှင် ဦးကျော်တင့်-ဒေါ်ခင်စီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။(ခရိုင်ပြန်/ဆက်)

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်လျက်ရှိရာ မေ ၂၂ရက်က အမှတ်(၅)ရပ်ကွက် မြရောလမ်း လမ်းဘေးဝဲယာ ရေမြောင်းတူးဖော်ခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းကို အဖွဲ့ ဝန်ထမ်းများဖြင့် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိဦးတင့်လွင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဇွန် ၆ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လှုပ်ရှားမှုအဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် အထက(၁) ကျောင်းဝင်းအတွင်းအပြင်သန့်ရှင်းရေးဆောင်ရွက်ရာ မြို့နယ်အတွင်းရေးမှူး ဦးစိုးလှိုင်ဦး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ငွေဝင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၁၂၃)



ဒေါက်တာအလက်ဇန္ဒားဖလင်းမင်း ၁၈၈၁-၁၉၅၅

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ

တိုး-ရေးသားသည်

ပင်နီဆီလင်ဆေးကို တွေ့ရှိခဲ့သူ ဒေါက်တာအလက်ဇန္ဒားဖလင်းမင်းကို ၁၈၈၁ခုနှစ်က စကော့တလန်ပြည်နယ် ကော့ဒ်ဖီးလ်မြို့၌ ဖွားမြင်ခဲ့သည်။ လန်ဒန်မြို့ စိန့်မေရီဆေးကျောင်းမှဘွဲ့ရပြီး ဖလင်းမင်းသည် ဆေးဝါးသုတေသနလုပ်ငန်းများကို ဇောက်ချလုပ်ကိုင်ခဲ့သည်။



ပထမကမ္ဘာစစ်ကြီးတွင် စစ်ဆရာဝန်အဖြစ် ထမ်းဆောင်စဉ် ဒဏ်ရာများကို လေ့လာရာ၌ ရောဂါကာကွယ်ဆေးကြောင့် မိုက်ကရုတ်ပိုးများထက်ပိုပြီး ကိုယ်ခန္ဓာဆဲလ်များမှာ ထိခိုက်မှုပိုမိုဖြစ်ပွားကြောင်း သတိပြုမိလာသည်။ ဤနေရာတွင် လူသား၏ဆဲလ်များကို မထိခိုက်စေဘဲ ဗက်တီးရီးယားကို ချေမှုန်းနိုင်မည့် ဆေးဝါးများတီထွင်ရန် လိုအပ်ကြောင်း သိလာသည်။ စစ်ပြီးကာလ စိန့်မေရီဆေးရုံသို့ ဒေါက်တာဖလင်းမင်း ပြန်လာပြီး သုတေသနပြုလုပ်သောအခါ လိုင်ဆိုဇုန်းခေါ် ပစ္စည်းတစ်မျိုးကို တွေ့ရှိသည်။ လိုင်ဆိုဇုန်းမှာ လူ့ခန္ဓာမှ ထွက်လာခြင်းဖြစ်သည်။ ယင်းသည် လူ့ဆဲလ်ကို အန္တရာယ်မဖြစ်ပေ။ မိုက်ခရုတ်များကို ၎င်းက နှိမ်နင်းပေးနိုင်သော်လည်း လူကို အန္တရာယ်ပြုစေသည့် ပိုးမွှားများကိုမူ မနှိမ်နင်းနိုင်ခဲ့ပေ။ ၁၉၂၈ ခုနှစ်တွင် ဓာတ်ခွဲခန်းမှ စတက်ဖိုင်လိုကော့ကပ်စ် ဗက်တီးရီးယားကို လေတွင်ကြာကြာထားသောအခါ မှိုတက်လာသည်ကို တွေ့ရသည်။ ယင်းမှို၏ ပတ်ဝန်းကျင်ရှိ စတက်ဖိုင်လို ကော့ကပ်စ် ဗက်တီးရီးယားတို့ ပျက်စီးသွားရပုံကိုလည်း တွေ့ရှိရသည်။ ဤတွင်မှိုသည် ဗက်တီးရီးယားကို သေစေနိုင်သည့် အဆိပ်အတောက်တစ်မျိုးဖြစ်ရမည်ဟု သူကကောက်ချက်ချသည်။ မကြာမီတွင် လူကိုဒုက္ခပေးသည့် အခြားဗက်တီးရီးယားများ ကြီးထွားမှုကိုလည်း အလားတူဝတ္ထုပစ္စည်းမျိုးက ဟန့်တားပေးပုံကိုလည်း သူပြသနိုင်ခဲ့သည်။ ဤပစ္စည်းကို ပင်နီဆီလီယံနိုတေတန်မ်မှိုမှရသည့်အတွက် ပင်နီဆီလင်ဟု သူက မှည့်ခေါ်ခဲ့သည်။ ယင်းမှာ လူနှင့်သတ္တဝါများအတွက် အဆိပ်အတောက် မဖြစ်စေပါပေ။

မတွေ့ခဲ့သေး

ဒေါက်တာဖလင်းမင်းက ၎င်း၏ တွေ့ရှိချက်များကို ၁၉၂၉ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။ ဆေးသိပ္ပံလောကတွင် အလွန်အရေးပါမည်ဟု တင်ပြသည်။ သို့သော် ပင်နီဆီလင်အသန့်လုပ်နည်းကို သူကိုယ်တိုင် မတွေ့ခဲ့သေးပေ။ ၁၉၃၀ပြည့်နှစ်နောက်ပိုင်း ဗြိတိန်အမျိုးသား ဆေးဝါးသုတေသီများဖြစ်ကြသည့် ဟိုးဝဲ့ဝေါလတာ ဖလိုရီနှင့် အန့်ဖိုးရစ်ချိန်းတို့က ဒေါက်တာဖလင်းမင်း၏နည်းအရ ပင်နီဆီလင်ကို သန့်စင်စမ်းသပ်သောအခါ ပထမတွင် တိရစ္ဆာန်များကို စမ်းသပ်အောင်မြင်ကြောင်း တွေ့ရသည်။

၁၉၄၁ ခုနှစ်တွင် ပင်နီဆီလင်ကို လူများနှင့် ပတ်သက်စမ်းသပ်သည်။ အောင်မြင်၍ ၁၉၄၅ ခုနှစ် စစ်ပြီးသောအခါ ပင်နီဆီလင်ကို ကမ္ဘာနှင့်အဝန်း အသုံးပြုလာသည်။ လူကို အန္တရာယ်ပေးသည့် မိုက်ခရိုအော်ဂဲနစ်ဇင်ရောဂါပိုးမွှားကြီးများကို ပင်နီဆီလင်က လုံးဝနှိမ်နင်းပေးသည်။ ကာလသားရောဂါ၊ အဆုတ်အအေးမိရောဂါ စသည်တို့ကို ပျောက်ကင်းစေနိုင်သည်။ ဒေါက်တာဖလင်းမင်းမှာ ၁၉၅၅ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ ။

ကိုးကား-အင်တာနက်

၁၉၄၁ ခုနှစ်တွင် ပင်နီဆီလင်ကို လူများနှင့် ပတ်သက် စမ်းသပ်သည်။ အောင်မြင်၍ ၁၉၄၅ခုနှစ် စစ်ပြီးသောအခါ ပင်နီဆီလင်ကို ကမ္ဘာနှင့်အဝန်း အသုံးပြုလာသည်။ လူကို အန္တရာယ်ပေးသည့် မိုက်ခရို အော်ဂဲနစ်ဇင်ရောဂါ ပိုးမွှားကြီးများကို ပင်နီဆီလင်က လုံးဝ နှိမ်နင်းပေးသည်။

ဘဝဒဿန

* One way to avoid criticism is to do nothing and be a nobody. The world will then not bother you.

\- ဝေဖန်ခံရမှုကို ရှောင်ရှားနိုင်သည့်နည်းလမ်းတစ်ခုမှာ မည်သည့်ကိစ္စကိုမျှ မဆောင်ရွက်ဘဲ အရေးမပါသူအဖြစ် နေထိုင်သွားပါ။ ဤတွင်ကမ္ဘာလောကကြီးက သင့်ကို အနှောင့်အယှက်ပေးတော့မည် မဟုတ်ပါ။

* It you are really great, you will let others discover this fact from your deeds.

\- အကယ်၍သင်သည် အမှန်တကယ်ထူးချွန်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါက ထိုအချက်ကို သင်၏စွမ်းဆောင်ချက်များဖြင့်သာ အများသိအောင် ကြိုးစားပါ။

* A man without a definite major purpose is as helpless as a ship without a compass.

\- ခိုင်မာပြတ်သားသည့် ရည်ရွယ်ချက် တိတိကျကျမရှိသူ တစ်ဦးသည် လမ်းပြအိမ်မြှောင်မပါသော သင်္ဘောတစ်စင်းကဲ့သို့ ဦးတည်ရာမဲ့နေမည်သာ ဖြစ်ပေသည်။

(ချားလ်စီလျံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်ဆွေ၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်းနှင့် မြကေခိုင်စိုး

ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

မောင်မောင်မြင့်ဆွေ-စုစည်းသည် | စာမျက်နှာပွဲ့စည်းမှု-ကျင်သန်းဦး (မြန်မာ့အလင်း)

ကမ္ဘာ့အကြီးမားဆုံး ပိရမစ်အဆောက်အအုံ

ရုရှားနိုင်ငံ မော်စကိုမြို့၌ မြေအကျယ်အဝန်း စတုရန်းပေ ၂၇သန်းပေါ်တွင် အမေရိကန်ဒေါ်လာ လေးဘီလီယံအကုန်အကျခံ တည်ဆောက်လျက်ရှိသည့် ပိရမစ်ပုံသဏ္ဍာန်နှင့်တူသော မိုးပျံအဆောက်အအုံကို လာမည့်ငါးနှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်ရာ ဆောက်လုပ်ပြီးစီးပါက ကမ္ဘာပေါ်၌ အကြီးမားဆုံးအဆောက်အအုံအဖြစ် ကမ္ဘာ့မှတ်တမ်းဝင်နိုင်မည်ဖြစ်သည်။ (ယာပုံ)

(အင်တာနက်)



ရေမ တင်ကျီးငှက်ကြီး

အမေရိကန်နိုင်ငံ မင်နီဆိုးတားပြည်နယ် ဗာဂျီးနီးယားမြို့ ဆေးလ်ဗားရေအိုင်ကြီးအတွင်း တွေ့ရသော တင်ကျီးငှက်တစ်ကောင်သည် အရှည် ၂၁ ပေခန့်ရှိပြီး အဖြူနှင့်အနက်ရောင်အမွေးတို့ ဖုံးလွှမ်းလျက်ရှိရာ ကမ္ဘာပေါ်တွင် အကြီးဆုံး ရေမတင်ကျီးငှက်ကြီးဖြစ်ကြောင်း ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အပေါ်ပုံ)**

(အင်တာနက်)

နှစ်ပေါင်း ရှည်ကြာ သတင်းစာမှာ....

အမေရိကန်နိုင်ငံ နမ်ပါမြို့၌ နေထိုင်သော အသက် ၈၀ အရွယ် ဒါလီနီမာကာက်စ် အမည်ရှိ အမျိုးသမီးကြီးသည် အီဒါဟို သတင်းစာလုပ်ငန်း၌ နှစ်ပေါင်း ၅၁ နှစ်ကြာ အလုပ်လုပ်ကိုင်ခဲ့ရာ ကမ္ဘာပေါ်တွင် နှစ်အကြာဆုံးသတင်းစာလုပ်ငန်း၌ လုပ်ကိုင်ခဲ့သည့် အမျိုးသမီးကြီးအဖြစ် မှတ်တမ်းတင်ခြင်း ခံရသည်။(ယာပုံ) (အင်တာနက်)

မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို) ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ယှဉ်ပြိုင်နိုင်

နေပြည်တော် ဇွန် ၇

ဇွန်၂၆ရက်တွင်ကျရောက်မည့်"အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့" **အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း (MANA)က ကြီးမှူး၍ တတိယအကြိမ်အဖြစ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို (မြန်မာ/အင်္ဂလိပ်)နှစ်ဘာသာဖြင့် အမှတ်(၃၇/G) ကျွန်းတောလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ MANA ရုံးချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။**

အတန်းလိုက်အသက်ကန့်သတ်ချက်များမှာ (မြန်မာ/အင်္ဂလိပ်) ဘာသာဖြင့် ကျပန်းစကားပြောပြိုင်ပွဲတွင် သက်ကြီးတန်းကို အသက် ၁၇နှစ်မှ ၂၅နှစ်အထိ လည်းကောင်း၊ သက်လတ်တန်းကို အသက်၁၄နှစ်မှ ၁၆နှစ် အထိလည်းကောင်း၊ (မြန်မာ/အင်္ဂလိပ်) ဘာသာဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် သက်ငယ်တန်းကို အသက် ကိုးနှစ်မှ ၁၃နှစ်အထိလည်းကောင်း သတ်မှတ်၍ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ကျင်းပမည်

ပြိုင်ပွဲကျင်းပမည့်အစီအစဉ်မှာ ရန်ကုန်တိုင်း နယ်နိမိတ်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင်များ ခရိုင်အလိုက် ပဏာမလူရွေးချယ်ပွဲကို မြောက်ပိုင်းခရိုင်၌ ဇွန် ၁၅ရက်၊ အရှေ့ပိုင်းခရိုင်၌ ဇွန် ၁၆ရက်၊ တောင်ပိုင်းခရိုင်၌ ဇွန် ၁၇ရက်နှင့် အနောက်ပိုင်းခရိုင်၌ ဇွန် ၁၈ ရက်တို့တွင် MANA ရုံးချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နောက်ဆုံးအဆင့်

ခရိုင်အလိုက် ပွဲစဉ်များတွင် အတန်းလိုက် ပထမ၊ ဒုတိယနှင့် တတိယအဆင့် ရရှိသူများနှင့် အခြားပြည်နယ်နှင့်တိုင်းမှ ပဏာမရွေးချယ်ခံရသူများနှင့်အတူ ဇွန် ၂၄ ရက်တွင် နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

နောက်ဆုံးအဆင့် အတန်းလိုက်ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိခဲ့ကြသော ပြိုင်ပွဲဝင်များအား ဇွန် ၂၆ ရက်တွင် ကျရောက်သော **"အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့"**အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး အတန်းလိုက် ပထမဆုရရှိသူများက အနိုင်ရရှိခဲ့သော မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဘာသာရပ်ခေါင်းစဉ်ဖြင့် စွမ်းရည်ပြယှဉ်ပြိုင်ဟောပြောကြမည်ဖြစ်သည်။

နောက်ဆုံးထားတင်သွင်း

ပြိုင်ပွဲဝင် လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း(ဗဟို)နှင့် ရန်ကုန်တိုင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အမှတ်(၃၇/G) ကျွန်းတောလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့တွင်အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို ဇွန် ၁၁ရက် ညနေ ၄နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ
သံဖြူဇရပ်ဦးကျင်းပ၊ စာအုပ်စာစောင်များလှူဒါန်း

သံဖြူဇရပ် ဇွန် ၅

သံဖြူဇရပ်မြို့နယ် မြမာလာကျေးရွာ အလင်းရောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို မေ ၂၂ရက်က အဆိုပါ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

စာကြည့်တိုက်အဆောက်အအုံသစ်ကို သံဖြူဇရပ်မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသီ၊ မြမာလာကျေးရွာဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** မြမာလာကျေးရွာ စာကြည့်တိုက်အတွက် ဝေါလ်ဗီးရှင်း(မြန်မာ)အဖွဲ့က တန်ဖိုးငွေကျပ်နှစ်သိန်းရှိ သုတ၊ ရသစာအုပ် ၁၈၄အုပ်ကို တာဝန်ခံ ဦးစောနေသားက ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံယူသည်။

လွှဲပြောင်းပေးအပ်

ထို့နောက်မြို့နယ်ဥက္ကဋ္ဌက ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌထံသို့ ပြန်လည် လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းမှလည်း စာအုပ် စာစောင်များကို ကျေးရွာစာကြည့်တိုက်တာဝန်ခံမှတစ်ဆင့် ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် သင်ကြားမှု စွမ်းရည်မြှင့်မားရေး ဆိပ်ဖြူမြို့၌ သင်တန်းဆင်း

ဆိပ်ဖြူ ဇွန် ၁

မကွေးတိုင်း ဆိပ်ဖြူမြို့နယ် အခြေခံပညာ(ထက်/လယ်/မူ)အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် သင်ကြားမှုစွမ်းရည်မြှင့်မားရေး သင်တန်းဆင်းပွဲကို မေ ၁၄ရက် ညနေ ၃နာရီက ဆိပ်ဖြူမြို့ အထက ၁ စာရိတ်ခန်းမ၌ ကျင်းပသည်။

ထူးချွန်ဆုရရှိ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရနှင့် မြို့နယ်ပညာရေးမှူးဦးဗိုလ်ငွေးတို့က အမှာစကားပြောကြားပြီး သင်တန်းတွင် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး မှတ်တမ်းဓာတ်ပုံများ ရိုက်ကြသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၂၂ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ ၁၀ရက်ကြာမြင့်သည်။ ***(မြို့နယ် ပြန်/ဆက်)***

ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ငန်းပြားရွာရေစိမ့်တွင်းမှာ အင်ဂျင်ပန့်ဖြင့် ရေစုကန်သို့ ရေတင်ခြင်းလုပ်ငန်းကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးမျိုးနိုင်က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တောင်ကြီးမြို့ပေါ် ရပ်ကွက်များသို့ အဓိကရေဖြန့်ဝေလျက်ရှိသည့် အေးစေတီရေစုကန်(ပွိုင့်-၄)မှ စုဆောင်းဖြန့်ဝေမှုကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြို့နယ်သတင်း ထွေတလာ

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် မြစ်ကြီးနား၌ စုပေါင်းသွေးလှူဒါန်း

မြစ်ကြီးနား ဇွန် ၃

ကချင်ပြည်နယ် ကြက်ခြေနီအသင်း ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် စေတနာသွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၂၉ ရက်က ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် သွေးလှူဒါန်းနေကြသော စေတနာသွေးလှူရှင်များအား ဆေးရုံအုပ်ကြီး ဒေါက်တာခင်တင်နှင့် ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး စေတနာသွေးသန့်သွေးလှူရှင်များအသင်း ဥက္ကဋ္ဌ ဦးဂဲနက်(စ်)နှင့် တာဝန်ရှိသူများက **(အပေါ်ပုံ)** လှည့်လည် ကြည့်ရှုအားပေးကြပြီး အာဟာရဖြည့် အစားအစာများကို ပြန်လည်ထောက်ပံ့ ပေးအပ်ကြသည်။ အဆိုပါ သွေးလှူဒါန်းပွဲတွင် သွေးမျိုးစုံသွေးပုလင်းပေါင်း ၄၇ ပုလင်း လှူဒါန်းသွားခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ဇွဲမှန်လုံအမြန်မော်တော်ယာဉ်အသင်း
ပုသိမ်-ချောင်းသာ ခရီးစဉ် တိုးချဲ့ဖွင့်လှစ်

ပုသိမ် ဇွန် ၂

ပုသိမ်မြို့နှင့် ချောင်းသာကမ်းခြေခရီးသွားပြည်သူများ လွယ်ကူသက်သာစွာ သွားလာနိုင်ရေးအတွက် ဇွဲမှန်လုံအမြန် မော်တော်ယာဉ်အသင်းတစ်ခုကို မေ ၂၈ ရက်က ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်းအရှေ့ ချောင်းသာကားဂိတ်၌ တိုးချဲ့ဖွင့်လှစ်ရာ ဧရာဝတီတိုင်း ပို့ဆောင်ရေးနှင့် စီမံကိန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးမင်း၊ ဧရာဝတီတိုင်း မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးဌာနဥက္ကဋ္ဌ ဦးစိုးကြိုင်နှင့် ဇွဲမှန်လုံအမြန် မော်တော်ယာဉ်အသင်း တာဝန်ခံဦးစိုးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(၁၅၇)

တာချီလိတ် ထွေ/အုပ် မိသားစု ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

တာချီလိတ် ဇွန် ၄

တာချီလိတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအတွက်၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဇွန်၁ရက် ညနေ ၄နာရီက တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ညီလာကျော်တို့က ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူ ၃၀တို့အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေကျပ်၁၆၀၀၀၀ နှင့် စာအုပ်၊ စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

(၀၁၆)



သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်း၊ သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၀ခုနှစ် ဇွန် ၁၃ရက်မှ ၂၀ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ကျင်းပသွားမည်ဖြစ်သည်။ တရားစခန်းပွဲတွင် ကမ္မဋ္ဌာနာစရိယဆရာတော် ဦးရေဝရ(မုံရွာ) အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဇွန် ၁၂ရက် (စနေနေ့) ညနေ ၅နာရီအရောက် မှတ်ပုံတင်ကတ်များဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်းလှူဒါန်းလိုသူများ၊ ပါကေးကြမ်းခင်း အလှူရှင်များ ဖုန်း-၀၉-၈၆၂၃၉၉၇သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၁-အို၊ မြေကွက်အမှတ် ပဋ္ဌမတန်းစား-၃၃၇၊ မြေကွက်တည်နေရာ အမှတ်- ၂၅၊ ၁၂၄လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးသိန်းနှင့် ဒေါ်မမလေးအမည်ပေါက် နှစ် ၉၀ မြေငှားဂရန်မြေအား အမည်ပေါက် ဦးသိန်းနှင့် ဒေါ်မမလေးထံမှပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၁၇၅၉/၀၈ / ၈-၈-၀၈ ဖြင့် (၁)ဦးမြင့်သိမ်း၊ (၂) ဦးဝင်းသိမ်း၊ (၃) ဒေါ်ခင်ဆွေသိမ်း၊ (၄) ဦးမင်းသိမ်းတို့မှ ပိုင်ဆိုင်ခဲ့ပြီး ၄င်းဦးမြင့်သိမ်း + ၃ တို့ထံမှ အရောင်းအဝယ် စာချုပ် ၂၇၆၁/၀၉ / ၉-၉-၀၉ ဖြင့် ဦးဘရွှေမှ ဝယ်ယူခဲ့ပြီးနောက် ဦးဘရွှေကွယ်လွန်သဖြင့် (၁)ဒေါ်အဘီဒါဘီဘီ ၁၂/မဂတ (နိုင်) ၀၇၅၉၆၄၊ (၂) မောင်ဘထွန်း ၁၂/မဂတ(နိုင်)၀၈၉၆၆၃၊ (၃) မခိုင်ရွှေဝင်း ၁၂/မဂတ(နိုင်) ၀၉၄၀၉၉၊ (၄) မနီလာရွှေ၁၂/မဂတ(နိုင်)၀၉၉၅၃၃တို့က ဇနီးနှင့် သားသမီးများ တော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ။

ဖြူးမဟာစည်ရိပ်သာ (ဖြူးမြို့)
သာသနဝုဗ္ဗိကာရီသိမ်တော်ကြီး ပါဝင်လှူဒါန်းနိုင်

ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး တည်ထောင်သာသနာပြု သီတင်းသုံးတော်မူခဲ့ရာ ပဲခူးတိုင်း၊ ဖြူးမြို့၊ ပင်စင်လမ်း၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ဆရာတော် စံလွန်တော်မမူခင် ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်ကာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝရ (ဓမ္မာစရိယ M.A- Ph.D, University of Sanskrit ဗာရာဏသီ)နှင့် တပည့်ကြီးသံဃာတော်များ၊ ဒကာ၊ ဒကာမများ စုပေါင်း၍ သာသနဝုဗ္ဗိကာရီသိမ်တော်ကြီး ဆောက်လုပ်လှူဒါန်းလျက်ရှိရာ တစ်ဦးချင်းအလှူရှင်ဖြစ်စေ၊ မတည်အလှူရှင်ဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ပါဝင်လှူဒါန်းလိုသူများ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၅၄-၄၀၀၁၂၊ ၄၀၇၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမည်ပြောင်း

ဦးမင်းသိန်း၏သမီး ပန်းတနော်မြို့ အထက(၁) ဒုတိယတန်း(A)မှ မကေဇင်သော်အား မဖြူစင်မြင့်မိုရ်ဟု ပြောင်းလဲခေါ်ပါရန်။ **ဖြူစင်မြင့်မိုရ်။**

အမည်ဖြည့်စွက်ခေါ်ပါရန်

ပဲခူးမြို့နေ ဦးမောင်လေး၏ သား ဦးခင်မောင်လေး ၇/ပခန (နိုင်)၁၈၂၃၇၁ ၏ မိခင်အမည်ကို ဂျာမာဘီ(ခ) ဒေါ်ခင်ကြည်ဟု ဖြည့်စွက် ခေါ်ပါရန်။

အမည်ဖြည့်စွက်ခေါ်ပါရန်

ပဲခူးမြို့နေ ဦးဇော်ဝင်း (ခ) ဦးကာဒယ်၏ သမီး ၇/ပခန(နိုင်) ၁၉၇၇၅၁ အား စဖီရာဘီ(ခ)ခင်မြင့်ဝင်းဟု ဖြည့်စွက်ခေါ်ပါရန်။

ခင်မြင့်ဝင်း
၇/ပခန(နိုင်)၁၉၇၇၅၁။

နန်းဝိုးဟွမ် ၁၃/ကတန(နိုင်)၀၉၁၂၁၈ နှင့် အများသိစေရန်ကြေညာခြင်း

ကျိုင်းတုံမြို့၊ ဗမာလေးရပ်၊ ရပ်ကွက်(၃)နေ ဦးစံမြ ၁၃/ကတန(နိုင်)၀၁၈၃၃၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျိုင်းတုံမြို့၊ မြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းအမှတ်(ခ/၁၁)သည် ဦးစံမြနှင့် ဒေါ်နန်းရှုံမွန်းတို့နှစ်ဦးပိုင်ဆိုင်ခဲ့ကြပြီး ၁၉-၇-၂၀၀၀ရက်တွင် ဒေါ်နန်းရှုံမွန်း ၁၃/ကတန (နိုင်)၀၁၈၃၃၇ က ဦးစံမြတစ်ဦးတည်းပိုင်အဖြစ် နှစ်ဦးသဘောတူ၊ ပေးကမ်းခြင်းစာချုပ်ဖြင့် ပေးအပ်ခဲ့၍ စည်ပင်သာယာဈေးဌာနတွင် ဦးစံမြအနေဖြင့် တစ်ဦးတည်းပိုင်ဈေးဆိုင်ခန်း ဖြစ်ပါသည်။ ယခုအခါ နန်းဝိုးဟွမ်အား မေတ္တာဖြင့် အခမဲ့ဈေးရောင်းခွင့်ပြုထားလျက်ရှိရာ ကျွန်တော်၏မိတ်ဆွေ ဦးစံမြ သဘောတူခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်းမပြုလုပ်ရန် အသိပေးတားမြစ်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူတို့၏တာဝန်သာဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

စိုင်းရှဲန်ငင်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၈၄၃၂)။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်း၊ ပိန်းဇလုပ်မြို့၊ မြောက်ပိုင်းရပ်နေ ကျွန်တော်၏ သားဖြစ်သူ မောင်ဇော်မင်းထွန်း ၇/ညလပ (နိုင်) ၁၁၅၇၄၁သည် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

(၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝမသက်ဆိုင်တော့ပါ။)

ဖခင် ဦးတင်ငွေ
၇/ညလပ(နိုင်)၀၇၅၇၉၀။

အများသိစေရန်

ပဲခူးတိုင်း၊ ပိန်းဇလုပ်မြို့၊ ကင်းမွန်ချုံရွာနေ ကျွန်တော်၏ သားဖြစ်သူ မောင်အောင်အောင် (ခ) မောင်အောင်ထွန်းမြင့် ၇/ညလပ (နိုင်)၁၀၃၄၂၇ အပေါ် အမွေပြတ်စွန့်လွှတ်ထားခြင်း ကြေညာချက်အား ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင် ဦးဝဲစိန်
၇/ညလပ(နိုင်)၀၄၆၇၂၇
ကင်းမွန်ချုံရွာ၊ ပိန်းဇလုပ်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်-၁၀/ခ ဧရိယာ ၀ ဒသမ ၀၂၇၄ဧ၊ (အလျား×အနံ) ၅၂ ပေ / ၅၅ ပေ ၊ ၂၂ပေ ၆လက်မ ကျယ်ဝန်းသော နှစ် ၆၀ ဂရန်မြေကွက်၊ ယင်းမြေကွက်ရှိ အမှတ်(၁၀/ဘီ) သစ္စာလမ်း၊ အမှတ်(၁၄)ရပ်ကွက် ရန်ကင်းမြို့နယ်ကို လက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းမင်းသန်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေဝင်း၊ တရားရုံးချုပ်ရှေ့နေ(၂၅၇၈)
အမှတ် ၇(ဘီ)၊ ၁၈၉-၁၉၅၊ ပန်းဆိုးတန်းလမ်း၊
ပန်းဆိုးတန်းအော့ဖစ်တာဝါ၊ ရန်ကုန်မြို့။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သားဖြစ်သူ မောင်သန်းထွန်းဝင်း (ခ) ဂျိုးဇက် ၁၂/မဘန(နိုင်)၁၁၃၉၀၉ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှ မိမိသဘောဆန္ဒအလျောက် ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင် ဦးဘရောစီ
၁၂/မဘန(နိုင်)၁၁၂၄၃၀
မိခင်ဒေါ်မြင့်ကြည်
၁၂/မဘန(နိုင်)၀၈၃၅၁၀။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ၁၄၉လမ်း၊ တိုက်အမှတ် (၁၂)ရှိ ပထမထပ်(ခေါင်းရင်းခန်း)နေ ဒေါ်ငွေကြည် ၁၂/တမန(နိုင်) ၀၀၅၇၇၃ ပိုင်ဆိုင်သည်ဟုဆိုပြီး ရောင်းချသော ယင်းတိုက်အမှတ်(၁၂)ရှိ မြေညီထပ် (ခေါင်းရင်း၊ မြေရှင်) အခန်းကို ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ၅-၆-၂၀၁၀ရက်တွင် စရန်ငွေအချို့ပေးထားပြီး ဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ပြုလုပ်သည့် မြေညီထပ် တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်သိန်းကျော် (စဉ်-၂၁၃၈၅/၉၇)၊
ဒေါ်ခိုင်စန္ဒာ (စဉ်-၂၄၂၅၀)
အထက်တန်းရှေ့နေများ၊
တိုက်-၃၆၅(ဒီ)၊ ပထမထပ်၊ ကျိုက္ကဆံလမ်းမ၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၈၂၄၀၈၆၊ ၅၇၁၉၅၁။

အိမ်၊ မြေ၊ ရောင်း၊ ဝယ်၊ ငှား၊ ကန်ထရိုက်စာချုပ်များကို စာချုပ်စာတမ်းဥပဒေ၊ ပဋိညာဉ် ဥပဒေတို့နှင့်အညီပြုလုပ်လိုလျှင် ဆက်သွယ်ဆွေးနွေးနိုင်ပါသည်။

အမည်ပြောင်း

ဦးတင်ထွန်းအောင်၏ သမီး မင်္ဂလာဒုံမြို့နယ် အထက(၁) တက္ကသိုလ်ဝင်တန်းမှ မလှိုင်မင်းသော်အား မအင်ကြင်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မအင်ကြင်းမြတ်။**

မိဘအမည်မှန်

ဇီးကုန်းမြို့ အထက တက္ကသိုလ်ဝင်တန်း(A)မှ မနှင်းဝေဦး၏ မိဘအမည်မှန်မှာ ဦးဆန်းညွှန့်ဦး-ဒေါ်ကြည်သန်း ဖြစ်ပါကြောင်း။

မိဘအမည်မှန်

ဇီးကုန်းမြို့ အထက တက္ကသိုလ်ဝင်တန်း(F)မှ မဝင်းမြတ်သဇင်၏ မိဘအမည်မှန်မှာ ဦးငွေလှိုင်-ဒေါ်စန္ဒာဝင်း ဖြစ်ပါကြောင်း။

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကန်ပိုင်ချောင်းကူးတံတား အမှတ်(၁) သံကူကွန်ကရစ်ဖြင့် တည်ဆောက်ခြင်းလုပ်ငန်းကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဒေါ်စန်းစန်းအေးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဆွမ်းပဒေသာပင်

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် အိန္ဒနီလာလမ်းနေ ဦးမောင်မောင်-ဒေါ်သန်းကြည်တို့အားရည်စူး၍ သမီး ဒေါ်မြင့်မြင့်ကြီး မိသားစုက ဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ကျောက်ပန်းတောင်း၌ မီးသတ်တပ်ဖွဲ့နေ့ကျင်းပ ထူးချွန်ဆုရရှိသူများ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ကျောက်ပန်းတောင်း ဇွန် ၁

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် မီးသတ်တပ်ဖွဲ့မှ (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ၅ရက် နံနက် ၈ နာရီက မီးသတ်စခန်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ ဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူးက အရန်မီးသတ် ဖွဲ့စည်းထားရှိမှုနှင့် လေ့ကျင့်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စေတနာ

ထို့နောက် စေတနာစိတ်အားထက်သန်စွာဖြင့် မီးသတ်လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော ရပ်မိရပ်ဖများနှင့် တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့ကြသည့် ဒေသခံအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သင်တန်းများတွင်ထူးချွန်ဆုရရှိခဲ့ကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကျောက်ပန်းတောင်းမြို့နယ် မီးသတ်တပ်ဖွဲ့အနေဖြင့် (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မေ ၃ရက် နံနက် ၇နာရီမှ ၁၁ နာရီအထိ စက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်း ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများစုပေါင်း၍ ချုံနွယ်များရှင်းလင်းခြင်းလုပ်ငန်းတို့ကို ပူးပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

မိန့်ခွန်း ပြောကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပသည့် ၂၀၁၀ ခုနှစ် (၁၉) ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

(၁၉)ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား

နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဇွန် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဇွန် ၆ရက် နံနက် ၉နာရီ ၁၅မိနစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ရှိ Inter Continental Asiana Saigon Hotel, Plenery Hall၌ ကျင်းပသည့် ၂၀၁၀ခုနှစ် (၁၉)ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရောက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ၂၀၁၀ခုနှစ် (၁၉)ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ခေတ္တတည်းခိုရာ Sheraton Saigon Hotelမှ အထူးယာဉ်တန်းဖြင့် ထွက်ခွာလာရာ အခမ်းအနားကျင်းပမည့် Inter Continental Asiana Saigon Hotelသို့ နံနက် ၈ နာရီ မိနစ် ၅၀တွင် ရောက်ရှိသည်။

အဆိုပါ အခမ်းအနားသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ ထိုင်းနိုင်ငံကုန်သွယ်ရေး ကိုယ်စားလှယ်များ ဥက္ကဋ္ဌ Mr.Kiat Sittheeamorn၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Committee of the Chinese People's Political Consultative Conference ဒုတိယဥက္ကဋ္ဌ Ms.Wang Zhizhen၊ ကမ္ဘာ့စီးပွားရေးဖိုရမ် အမှုဆောင်ဥက္ကဋ္ဌ Dr. Klaus Schwab၊

စာမျက်နှာ ၇ ကော်လံ ၁ ●

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၇-၆-၂၀၁၀

ရန်ကုန်(မင်္ဂလာဒုံ)

၄ ဒသမ ၁၄ လက်မ

ဘီးလင်းမြို့

၂ ဒသမ ၆၄ လက်မ

မြစ်ကြီးနားမြို့

၂ ဒသမ ၂၈ လက်မ

ဘားအံမြို့

၂ ဒသမ ၀၉ လက်မ